စက်မှုဝန်ကြီးဌာနမှထုတ်ဝေသည်။

# ရွှေစက်မှုဂျာနယ်

The Golden Industrial Journal

အတွဲ ၇ ၊ အမှတ် ၂ ၊ ၂၀၁၄ ခုနှစ် ၊ ဇန်နဝါရီလ

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမှတ် (၃၆) အကြီးစားစက်ရုံ ( ကျောက်ဆည် ) ဖွင့်ပွဲအခမ်းအနား တက်ရောက်အားပေး





စက်မှုဝန်ကြီးဌာန အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်းအောက်ရှိ အမှတ် ( ၃၆ ) အကြီးစားစက်ရုံ ( ကျောက်ဆည် ) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၁၁ ရက်နေ့ နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ၊ ကျောက်ဆည်မြို့နယ် ၊ ကျောက်ဆည် စက်မှုနယ်မြေရှိ အဆိုပါစက်ရုံအဝင်မုခ်ဦး၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အားပေးသည်။

စာမျက်နှာ ၂ သို့-



မျက်နှာဖုံး (ကျောက်ဆည်) မှ -

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးစိုးသိန်း၊ ဦးမြင့်လှိုင်၊ ဦးဝင်းထွန်း၊ ဦးခင်မောင်စိုး၊ ဦးမောင်မြင့်နှင့် ဦးကျော်လွင်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများ၊ စက်ရုံဝန်ထမ်းများနှင့် ဒေသခံပြည်သူများတက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးမောင်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တရုတ်နိုင်ငံ CAMCE Co.,Ltd. မှ Assistant President တို့က အမှတ် (၃၆) အကြီးစားစက်ရုံ (ကျောက်ဆည်) ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအထိမ်းအမှတ် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။


ထို့နောက် နိုင်ငံတော်သမ္မတက စက်ရုံကမ္ပည်းကျောက်စာကို ဖွင့်လှစ်ပေးပြီး အဖွဲ့ဝင်များနှင့်အတူ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း ခေတ်မီမှန်အမျိုးမျိုးထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုပြီး ရှုရပ်မှနေ၍ စက်ရုံဝန်းကျင်ရှိ ကုန်ကြမ်းထုတ်လုပ်ရရှိသည့်နေရာများကို ကြည့်ရှုစစ်ဆေးသည်။



အမှတ် (၃၆) အကြီးစားစက်ရုံ (ကျောက်ဆည်) သည် ကျောက်ဆည်မြို့ အရှေ့ဘက်ငါးမိုင်ခန့်အကွာ စက်မှုနယ်မြေရှိ ယင်းစွဲတောင်အနီးတွင်တည်ရှိပြီး နိုင်ငံတကာအဆင့်မီမှန်အမျိုးမျိုးကို ထုတ်လုပ်ပေးသည့် စက်ရုံကြီးဖြစ်သည်။

စက်ရုံအနေဖြင့် မှန်ထုတ်လုပ်ရာတွင် နောက်ဆုံးပေါ် နည်းစနစ်ဖြစ်သည့် Float Glass Process ဖြင့် ထုတ်လုပ်လျက်ရှိသည်။ ယင်းနည်းစဉ်သည် သံဖြူရည်ပေါ်တွင် မှန်ရည်များကိုဖြတ်သန်းစီးဆင်း



စေပြီး ထုတ်လုပ်ခြင်းဖြစ်သဖြင့် မှန်မျက်နှာပြင်တွင် လှိုင်းတွန့်များမဖြစ်ပေါ်ဘဲ ညီညာပြန့်ပြူးခြင်း၊ အထူအပါးတိကျခြင်း၊ လေခိုပေါက်လုံးဝမရှိခြင်း စသည့်အရည်အသွေးကောင်းမှန်များကို ထုတ်လုပ်နိုင်သည်။ စက်ရုံမှ ကားလေကာမှန်၊ အဆောက်အအုံမှန်၊ လုံခြုံရေးမှန်၊ ကျည်ကာမှန်များအဖြစ် အသုံးပြုနိုင်သည့် လွှာထပ်မှန် (Laminated Glass)၊ အားဖြည့်မှန် (Tempered Glass)၊ ကြည့်မှန် (Mirror Glass) များကို တန်ဖိုးမြှင့်ဆက်လက်ထုတ်လုပ်မည်ဖြစ်သည်။

တစ်နေ့တန် ၁၅၀ ကျ အဆိုပါမှန်စက်ရုံကို တရုတ်နိုင်ငံ CAMCE Co., Ltd. က ၂၀၀၉ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် အဆင့်မြင့်ကုန်ချောမှန်များ စတင်ထုတ်လုပ်နိုင်ခဲ့သည်။ စက်ရုံမှတစ်နှစ်လျှင် အရောင်မှန် (Color Glass) တန် ၁၇,၇၀၀ နှင့်မှန်အကြည် (Clear Glass) တန် ၂၅,၀၀၀၊ စုစုပေါင်းတန်ချိန် ၄၂,၇၀၀ ထုတ်လုပ်ရန် ရည်မှန်းထားသည်။ စက်ရုံအတွက် အဓိကလိုအပ်သည့် သဲကုန်ကြမ်းကို စက်ရုံအနီးရှိ ယင်းစွဲတောင်မှ ထုတ်ယူရရှိသည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် ၁၉၇၇ ခုနှစ်က ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ တစ်ရက်တန် ၃၀ ကျ မှန်စက်ရုံကို တည်ဆောက်ခဲ့ပြီး မှန်များထုတ်လုပ်ခဲ့သည်။ ယင်းစက်ရုံမှထုတ်လုပ်သောမှန်များ၏အရည်အသွေးမှာ ယင်းခေတ်ကာလအချိန်က ကောင်းမွန်သော်လည်း ပြောင်းလဲလာသောနည်းစနစ်နှင့် တိုးတက်လာသော ခေတ်မီစက်ကိရိယာများဖြင့် ထုတ်လုပ်သည့်မှန်များ၏အရည်အသွေးကို မယှဉ်ပြိုင်နိုင်တော့သဖြင့် နောက်ဆုံးပေါ်နည်းစနစ်ဖြစ်သည့် Float Glass Process ဖြင့်ထုတ်လုပ်သည့် ဤမှန်စက်ရုံစီမံကိန်းကို အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ စက်ရုံမှထုတ်လုပ်သည့် မှန်အရည်အသွေးမှာ အဆင့်မီကောင်းမွန်ပြီး ပြည်ပမှတင်သွင်းလာသည့် မှန်များနှင့် ကောင်းမွန်စွာယှဉ်ပြိုင်နိုင်စွမ်းရှိသည့်အတွက် နိုင်ငံတစ်ဝန်းရှိတည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန် လိုအပ်သောမှန်များကို ထုတ်လုပ်ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။



# စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ပြီး ယခုစက်ရုံကို တည်ဆောက်ခဲ့ခြင်းဖြစ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဇန်နဝါရီလ ၁၁ ရက်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၊ အင်းကုန်းကျေးရွာရှိ အမှတ် (၁၈) အကြီးစားစက်ရုံ (အင်းကုန်း) သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတအား စက်ရုံအစည်းအဝေးခန်းမ၌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က စက်ရုံအား ၂၀၁၁ ခုနှစ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်တွင် စက်ရုံဖွင့်လှစ်၍ ထုတ်လုပ်မှုလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ် ဖွန်လ ၁၀ ရက်တွင် စက်ရုံအား စက်မှုဝန်ကြီးဌာန အောက်ရှိ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်းသို့ လွှဲပြောင်းပေးခဲ့ပါကြောင်းနှင့် စက်ရုံမှထုတ်လုပ်သည့် လယ်ယာသုံးစက်ကိရိယာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးစိုးသိန်းနှင့် ဦးမြင့်လှိုင်တို့က စက်ရုံမှ လယ်ယာသုံးစက်ကိရိယာများ တိုးတက်ထုတ်လုပ်နိုင်ရေး၊ ဈေးကွက်နေရာပိုမိုရရှိရေးနှင့်တောင်သူများ တွင်ကျယ်စွာအသုံးပြုနိုင်ရေးတို့အတွက် ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက တိုးတက်လာသည့်လူဦးရေအတွက် စားနပ်ရိက္ခာဖူလုံမှုရှိစေရန် လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရန်လိုကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် သမားရိုးကျနည်းလမ်းများဖြင့်ဆောင်ရွက်၍မရဘဲ စက်မှုလယ်ယာစနစ်ကို ကူးပြောင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်ရည်ရွယ်ပြီး ယခုစက်ရုံကိုတည်ဆောက်ခဲ့ခြင်းဖြစ်၍ စက်ရုံ၏ထုတ်လုပ်မှု၊ ဖြန့်ချိမှုလုပ်ငန်းစဉ်များသည် သွက်လက်မြန်ဆန်ရန်လိုအပ်ကြောင်း၊ မိမိတို့ထုတ်လုပ်သည့် လယ်ယာသုံးစက်ကိရိယာများကို လက်တွေ့အသုံးပြုသည့် တောင်သူလယ်သမားများထံသို့ပေးပို့၍ ယင်းတို့ထံမှအကြံပြုချက်များကိုရယူပြီး လိုအပ်ချက်များကိုဖြည့်ဆည်းပြုပြင်ထုတ်လုပ် ရန်လိုအပ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်ခြင်းမပြုဘဲ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်နေသည့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာနတို့နှင့် ပေါင်းစပ်ဆောင်ရွက်ပြီး လယ်ယာသုံးစက်ကိရိယာများကို တောင်သူလယ်သမားများလက်ဝယ်ရောက်အောင် ပို့ဆောင်ပေးရန်လိုကြောင်း၊ ဈေးကွက်တွင် ပုဂ္ဂလိကကုမ္ပဏီများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိရန်အတွက်ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ စက်ပစ္စည်းထုတ်လုပ်မှုတစ်ခုတည်းသာမဟုတ်ဘဲ စက်ရုံမှဈေးကွက်သို့၊ ဈေးကွက်မှ တောင်သူလက်ထဲသို့ရောက်သည်အထိ လုပ်ငန်းစဉ်တစ်ခုလုံးကို စဉ်းစားဆောင်ရွက်ရန်လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် စက်ရုံအတွင်းရှိ အမှတ် (၁) စက်ပစ္စည်းထုတ်လုပ်မှုအလုပ်ရုံတွင် အင်ဂျင်နှင့်ဂီယာဘောက်များ၏ ဘလောက်တုံး၊ ကာဗာ၊ ကင်ရှပ်နှင့် ကရိုင်းရှပ်များအား စက်ခုတ်စားနေမှုနှင့် အင်ဂျင်တပ်ဆင်နေမှု၊ အမှတ် (၂) အလုပ်ရုံတွင် ပုံဖိနှင့်သံဂဟေလုပ်ငန်း၊ ဆေးမှုတ်လုပ်ငန်း၊ လက်တွန်းထွန်စက်နှင့် ကောက်ရိတ်စက်များအား နောက်ဆုံးအဆင့်တပ်ဆင်ခြင်းနှင့် စက်စမ်းသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အမှတ် (၃) အလုပ်ရုံတွင် အင်ဂျင်နှင့်ဂီယာအိမ်များအတွင်းရှိ ဂီယာနှင့်ရှပ်အမျိုးမျိုးတို့အား စက်ခုတ်စားခြင်းနှင့် အမာသတ်ခြင်းတို့ဖြင့် တင်ခြင်းဆောင်ရွက်နေမှု၊ သံရည်ကျိုအလုပ်ရုံ (Foundry Shop) တွင် သံရည်ကျိုပုံလောင်းနေမှုနှင့် ရိတ်သိမ်းခြွေလှေ့ထုတ်လုပ်မှုအလုပ်ရုံတွင် ရိတ်သိမ်းခြွေလှေ့စက်များ တပ်ဆင်ထုတ်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါစက်ရုံတွင် ၂၂ ကောင်ဒီဇယ်အင်ဂျင် (22 HP)၊ ၁၆ ကောင်ဒီဇယ်အင်ဂျင် (16 HP)၊ ဂီယာဘောက် (ဇရာ-၁)၊ လက်တွန်းထွန်စက် (ဇရာ-၂)၊ လက်တွန်းထွန်စက် (ဇရာ-၁၆/၂၂) နှင့် စပါးရိတ်စက်တို့ကို ထုတ်လုပ်လျက်ရှိပြီး ရိတ်သိမ်းခြွေလှေ့စက်အမျိုးမျိုးကိုလည်း ပြည်ပမှစက်အစိတ်အပိုင်းများ မှာယူ၍ တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိကြောင်းသိရှိရသည်။






# သိဖို့လိုသလား

**ဒေးမြူ**

ပင်စင်စားပါမောက္ခကြီး ဦးချိုအဖို့ ယနေ့ထုတ်ဂျာနယ် ၃ စောင်လောက်နဲ့ နံနက်ခင်းအေးအေးလူလူ တိုင်းရေးပြည် ရာမီဒီယာဖွင့်ဆိုချက်တွေနဲ့ အနားယူမယ် ကြံကာရှိသေး တူတော်မောင် 'သုတ' တစ်ယောက် လက်ထဲမှာလည်းမုန့်ထုပ်ကြီးဆွဲလို့ ခြံဝကဝင်လာတာတွေ့လိုက်တယ်။ စာပေးစာယူနဲ့ အီကိုဘွဲ့ရပြီး ပြင်ပအဖွဲ့အစည်းတစ်ခုမှာ M. B. A ဘွဲ့တက်နိုင်ဖို့ ကြိုးစားပမ်းစားအားထုတ်နေတဲ့ ဒီတစ်ဦးတည်းသော တူတော်မောင်ကို ဦးချိုသနားမိတာအမှန်။ သူ့အမေ ဦးချိုညီမအမြော်အမြင်ရှိလို့ အင်္ဂလိပ်စာတော့ Above average လို့ဆိုရမယ်။ ဒါလေးက သူ့အတွက်အလေးသာမဲ့ အချက်ပေပဲ။

ခေတ်လူငယ်တစ်ယောက်အနေနဲ့ ကြိုးစားမှုလုံ့လဝီရိယတော့ အရှိသား၊ သို့ပေမဲ့ ဒင်းတို့ခေတ်အလျောက် ပြင်ပဗဟုသုတနည်းပါ့။ ဘကြီးဆီကို မကြာခဏလာပြီး မေးမြန်းဆွေးနွေးရတာလည်း အမော။ တစ်ခုခုများ သူ့ပြန်မေးရင် ယောင်ဝါးဝါးနဲ့ မသိတာခပ်များများ။

'သုတရယ်၊ မင်းနာမည်မှ အားမနာ။ ဘာသုတမှမရှိပါလား'

ဆိုပြီး ဆူဆူပြောပြောနဲ့ သူနားလည်အောင် ရှင်းပြပြောပြရတဲ့အခေါက်ပေါင်းလည်း နည်းရော့လား။

'ခုလည်း ဘာတွေမေးဦးမယ်မသိဘူး။ လာပြန်ပြီ'

ဦးချိုစိတ်ထဲက ရေရွတ်ရင်း-

'မင်းဖြေရမဲ့ အလုပ်အင်တာဗျူးပြီးသွားပြီလား'

'ဒါကြောင့်လာတာ ဘချိုရဲ့။ ကြားတာတော့ ဒီကုမ္ပဏီက အင်တာဗျူးတွေ မှာ ဘောဂဗေဒ (Economics) နဲ့ဆက်စပ်ပြီး မေးတတ်တယ်တဲ့။ လုပ်ပါဦး ဘချိုပဲ အားကိုးရတော့မယ်'

'အဝေးသင်အီကိုတုန်းက ဘာတွေမှတ်မိလဲ'

'ဟာ ဘချိုကလဲ။ စာမေးပွဲအောင်ဖို့ ကျက်မှတ်တာပဲ၊ စာမေးပွဲပြီးခေါင်းထဲကလည်း ပျောက်ကုန်ပေါ့'

'ကောင်းကွာ မင်းတို့ခေတ်ကတော့ **'ပွဲပြီး-မီးသေ'** တွေများနေတာပဲ'

'မန်နေဂျာတစ်ယောက်အနေနဲ့ အနည်းဆုံးသိသင့်တဲ့ အခြေခံလေးတွေပြောပြပေးပါ ဘချိုရာ။ ဘောဂဗေဒဘာလဲဆိုတာ အလွယ်ဆုံးအရှင်းဆုံးနဲ့ ရှင်းပြပါ'

'မင်းကတော့ လုပ်တော့မယ်။ ပြောဆိုတော့လဲ ပြောရတာပေါ့'

'ပထမဆုံး Economics မြန်မာလိုတော့ ဘောဂဗေဒပေါ့။ ဒါကလူတွေမှာ လိုအင်ဆန္ဒ၊ လိုအပ်ချက်တွေက Unlimited၊ ရှိတဲ့အင်အား၊ ငွေကြေး၊ အချိန်စတဲ့ အခြေအမြစ်တွေက Limited၊ ဒါကြောင့် ကိုယ့်ရှိတာနဲ့ရွေးချယ်ကြရတယ်။ Choice ဆိုတာ မိုးလင်းမိုးချုပ် နိစ္စဓူဝလုပ်နေရတဲ့ ရွေးချယ်မှုအမျိုးမျိုးပဲ။ အကောင်းဆုံးထင်တဲ့ဟာကို ရွေးနေကြရတာ။ လူတစ်ဦးချင်းအလျောက်၊ မိသားစုလည်း မိသားစုအလျောက်၊ အဖွဲ့အစည်း၊ နိုင်ငံတစ်နိုင်ငံအားလုံးပဲ သူ့အဆင့်နဲ့သူ လိုအပ်ချက်နဲ့ရှိတဲ့စွမ်းအားစုအကြား အကောင်းဆုံးဖြစ်မယ့်လမ်း စဉ်တွေကို ရွေးချယ်လုပ်ဆောင်နေတယ်ဆိုတဲ့ အခြေခံသဘောတရား၊ အဲ့ဒီမှာ မန်နေဂျာတစ်ယောက်အနေနဲ့




နားလည်ဖို့ကဏ္ဍ ၃ ခုရှိမယ်။ Macro, Micro နဲ့ International ဆိုတာ ဒီ ၃ ခုမှာလည်း အားလုံးဆက်နွယ်နေတော့ ၃ ခုလုံး အကြမ်းဖျင်းနားလည်ဖို့ လိုတာအမှန်ပဲ။ ဒီစကားလုံးတွေတော့သိတယ် မဟုတ်လား။ ပထမ Macroeconomics ကနားလည်ဖို့ အလွယ်ဆုံး၊ သတင်းစာတွေ၊ TV တွေ၊ နိုင်ငံတကာသတင်းတွေမှာ အမြဲတမ်းတွေ့နေရတာ အဓိက ကInflation ဆိုတဲ့ ငွေကြေးဖောင်းပွမှုနဲ့ Unemployment ဆိုတဲ့ အလုပ်လက်မဲ့ပြဿနာပဲ။ Macroeconomics က နိုင်ငံရဲ့ Economic Activity စီးပွားရေးဆိုင်ရာ လုပ်ဆောင်ချက်တွေနဲ့ပတ်သက်တယ်။ အစိုးရပိုင်းနဲ့ဆိုင်တဲ့ လုပ်ငန်းစဉ်တွေပါပဲ။ Fiscal Policy ဆိုတဲ့ အစိုးရအသုံးစရိတ်၊ Government Expenditures တွေနဲ့ Taxes အခွန်အကောက်ဆိုင်ရာ ပေါ်လစီမူဝါဒနဲ့ Monetary Policy ဆိုတဲ့ Money Supply နဲ့ Interest Rates ဆိုင်ရာ Monetary Policy တွေက Economy ကို ထိန်းကျောင်းပေးနိုင်တဲ့ လက်နက်တွေပဲ။ ဒါတွေက အသေးစိတ်သိဖို့ခက်တယ်။ ဒါကြောင့် အကြမ်းဖျင်းပဲမှတ်၊ ဒီအစိုးရပိုင်းက ရေတိုရေရှည်ပေါ်လစီမူဝါဒတွေ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဘယ်လောက်ပဲခြုံငုံစီစစ်လေ့လာပြီး Inflation နဲ့ Unemployment နှစ်ခုလုံးအတွက် ကောင်းမယ့် ပေါ်လစီတွေချတာပဲ။ တကယ်တမ်းရလဒ်ကတော့ ဘယ်သူမှမပြောနိုင်ဘူး။ တိုးတက်တဲ့နိုင်ငံကြီးတွေမှာလည်း ဒီအတိုင်းပဲ။ လူတွေနဲ့ဆိုင်နေတာကို အစိုးရက ဘယ်လိုပဲမူဝါဒတွေချမှတ်ပေမဲ့ 'Rational Thinking' ဆိုတဲ့ ဆင်ခြင်တွေးတောစဉ်းစားနိုင်တဲ့ ဉာဏ်တွေရှိကြတော့ တစ်ဦးချင်းတောင်မှ ကိုယ့်အသိဉာဏ်၊ အတွေ့အကြုံ၊ အပေါင်းအဖော်တွေရဲ့ လွှမ်းမိုးမှုအကြား အမြင်ထင်တာတွေနဲ့ ကိုယ်ကြိုက်တာ ရွေးလုပ်ကြတဲ့ အလေ့အထရှိတာကြောင့် အဆုံးသတ်ရလဒ်က အစိုးရမျှော်မှန်းသလို ဖြစ်ချင်မှဖြစ်တတ်ကြတယ်'

'တော်ပြီ ဘချိုရဲ့။ Economy တစ်ခုလုံးနဲ့ဆိုင်တဲ့ဟာ၊ အစိုးရပိုင်းရဲ့အဓိကပေါ်လစီမူဝါဒ၊ Fiscal နဲ့ Monetary ပေါ်လစီ ဒီလောက်ကိုပဲ ကြားဖူးနားဝရှိသွားရင် ရလောက်ပြီထင်တယ်'

'မင်းတော်ဆိုလည်း တော်ရတာပေါ့ကွာ။ အသေးစိတ်တွေ နားလည်ဖို့တော့ မင်းလိုအပ်မှဆက်လေ့လာနိုင်တာပဲ။ ကဲအခု Microeconomics ကို သွားရအောင်'

'အမှန်တော့ Macro / Micro တို့က Greek စာလုံးတွေ၊ Micro က Small, Macro က 'Large' အဓိပ္ပာယ်၊ ဒီတော့ Microeconomics က Macroeconomics လို မကျယ်ပြန့်တော့ဘူး။ ကိုယ့်တစ်ပိုင်တစ်နိုင်၊ ကိုယ့်လုပ်ငန်း၊ စက်ရုံ၊ အလုပ်ရုံတစ်ခုချင်းကို အာရုံစိုက်ဖို့ဆိုတော့ လုပ်ငန်းနဲ့ဆက်စပ်ပြီး အပြိုင်အဆိုင် အလားတူလုပ်ငန်းတွေ၊ Industry လို့ခေါ်နိုင်တဲ့ ကိုယ့်လုပ်ငန်းနယ်ပယ်ကို ရိုက်ခတ်နိုင်မယ့် အကြောင်းချင်းရာတွေပေါ် မူတည်သွားပြန်ရော။ ဒီမှာလည်းပဲ Detail သွားရင် သာမန်နားလည်ဖို့ မလွယ်တဲ့ Concepts တွေ သဘောတရားတွေကရှိတယ်။ ဒါကြောင့် အတိုဆုံးနဲ့ အကျဉ်းဆုံးပြောရင် လုပ်ငန်းတစ်ခုချင်းအနေနဲ့က အမြတ်အစွန်းများဖို့ ရေရှည်လုပ်ငန်း ရှင်သန်တည်မြဲဖို့ဖြိုးတိုးတက်မှုအတွက် ဘာတွေသိရမလဲဆိုတဲ့ အပေါ် အခြေခံတယ်။ ဒါတောင်မှ ခုနောက်ပိုင်း CSR- Corporate Social Responsibility, Social and Environmental Impact လူမှုဝန်းကျင်အပေါ် သက်ရောက်မှုဆိုတဲ့ Issues တွေက လာဦးမယ်။ ကိုယ့်ပစ္စည်းရဲ့ဈေးကွက်သဘာဝကလည်း အရေးကြီးသေးတယ်။ ယှဉ်ပြိုင်မှုအပြည့်အဝရှိတဲ့ အခြေအနေလား၊ ဈေးကွက်ဝင်ထွက်ဖို့ အဟန့်အတားတွေများလား၊ အစုံပါပဲ။ ကိုယ်က



Economicst မဟုတ်ရင်တော့ ဒီလိုအသေးစိတ်တွေမသိလည်း ရမယ်ထင်တယ်'

'ခုခေတ်က IT ခေတ်လေ။ ကမ္ဘာကြီးပြားသွားပြီ၊ 'The World has become flat' ဆိုပြီး ပြောကြတာ။ Internet ချိတ်ဆက်ပြီး အရင်ဘတို့ခေတ်က မကြားဖူး၊ မလုပ်ဖူးတဲ့ဟာတွေ လူငယ်လူကြီးအကုန်လုပ်နေနိုင်ပြီ၊ စိတ်သာရှိရင် လုပ်ချင်တိုင်းဖြစ်မယ့် အနေအထားပဲ။ IT ရဲ့အကောင်းအဆိုးဒွန်တွဲနေတာဆိုတော့ လူတွေထားရမယ့် Mindset တွေ၊ လိုက်နာသင့်တဲ့ Ethics တွေက တကယ်အရေးပါလာပြီလေ။ International Economic ကိုတော့ မင်းဘာသာလေ့လာကြည့်တော့၊ အရင်ဆုံး ASEAN ဆိုတာကို အသေးစိတ်သိအောင်လုပ်လေ'

'ဟုတ်ပါပြီ ဘချိုရေ။ ဒီလောက်ပြောပေးတာပဲ ကျေးဇူးကမ္ဘာပါ'

'အင်တာဗျူးအောင်ပြီး အလုပ်လဲရအောင် ဆုတောင်းပေးဖို့လည်း မမေ့ပါနဲ့နော်'

## စက်မှုဝန်ကြီး ဦးမောင်မြင့်အား အိန္ဒိယညွှေ့အဖွဲ့လာရောက်တွေ့ဆုံ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား အိန္ဒိယနိုင်ငံ Zydes Cadila Healthcare Co., Ltd. မှ Chief of Finance, Mr. Nitin Parekh ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီလ ၇ ရက်နေ့ နံနက် ၈ နာရီခွဲတွင် ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၌ ဆေးဝါးလုပ်ငန်းများပူးပေါင်းဆောင်ရွက်ရန်ကိစ္စများကို ဆွေးနွေးကြသည်။ ဆွေးနွေးပွဲသို့ တာဝန်ရှိသူများတက်ရောက်ကြကြောင်း သတင်းရရှိသည်။

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ဂျပန်ညွှေ့အဖွဲ့အားလက်ခံတွေ့ဆုံ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဂျပန်နိုင်ငံ Suzuki Motor Co., Ltd. မှ Managing Director, Mr. Keiichi ASANO ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ဇန်နဝါရီလ ၇ ရက်နေ့ နံနက် ၈ နာရီတွင် ဝန်ကြီး၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ဂျပန်ဆူဇူကီးမော်တော်ကော်ပိုရေးရှင်းအနေဖြင့် ရန်ကုန်မြို့၊ တောင်ဒဂုံစက်မှုဇုန်၌ မော်တော်ယာဉ်များတပ်ဆင်ထုတ်လုပ်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။ ဆွေးနွေးပွဲသို့ တာဝန်ရှိသူများတက်ရောက်ကြကြောင်း သတင်းရရှိသည်။

## စက်မှုဝန်ကြီး ဦးမောင်မြင့်အား မြန်ထိုင်းစီးပွားရေးကုမ္ပဏီညွှေ့အဖွဲ့ လာရောက်တွေ့ဆုံ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား မြန်ထိုင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်မှ Chairman, Mr. Gu Ruei Guo ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီလ ၇ ရက်နေ့ နံနက် ၉ နာရီတွင် ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။ ဆွေးနွေးပွဲသို့ တာဝန်ရှိသူများတက်ရောက်ကြကြောင်းသတင်းရရှိသည်။

## စက်မှုဝန်ကြီး ဦးမောင်မြင့် ဦးဆောင်သောကိုယ်စားအဖွဲ့ တရုတ်နိုင်ငံသို့ သွားရောက်

စက်မှုလုပ်ငန်းများကြည့်ရှုလေ့လာရန် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီလ ၁၉ ရက်နေ့မှ ၂၄ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့သွားရောက်ခဲ့ပြီး အဖွဲ့ဝင်အဖြစ် စက်မှုစီမံကိန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်မောင်တင့် လိုက်ပါသွားကြောင်း သတင်းရရှိသည်။

**RESOURCES ARE LIMITED**
**CREATIVITY IS UNLIMITED**

**QUALITY IS A**
**NEVER ENDING JOURNEY**

## အပူပေး၍ ဖိသိပ်ခြင်းနည်းစနစ်အကြောင်း (Hot Pressing Method)

အပူပေး၍ ဖိသိပ်ခြင်းနည်းစနစ် (Hot Pressing Method) သည် အပူချိန် (Temperature) နှင့်ဖိအား (Pressure) ကိုတစ်ပြိုင်နက် အသုံးပြုရသည်။ သွန်းလောင်းခြင်း (Molding) နှင့်အပူပေး၍ တွဲဆက်မှုအားကောင်းစေခြင်း (Sintering) လုပ်ငန်းစဉ်ကိုလည်း တစ်ချိန်တည်း တစ်ပြိုင်နက်တည်းပြုလုပ်ရသည်။ သို့မှသာ အရည်အသွေးမြင့်မားသော သိပ်သည်းဆကိုရရှိပြီး လုပ်ငန်းစဉ်များကို များများစားစားဆောင်ရွက်နိုင်ပေမည်။ အပူပေး၍ ဖိသိပ်ခြင်းနည်းစနစ် (Hot Pressing Method) သည် အစိမ်းလိုက်ဖိသိပ်ခြင်းနည်းစနစ် (Cold Pressing Method) ထက် ပိုမိုကောင်းမွန်သောအားသာချက် (Advantage) ရှိပြီး ယင်းမှာအပူပေး၍ တွယ်ဆက်မှုအားကောင်းအောင်ဆောင်ရွက်သောအခါ၌ လုပ်ငန်း၌ပါဝင်သောဓာတ်ငွေ့များ၏ပမာဏကို ကောင်းမွန်စွာလျှော့ချနိုင်ခြင်းဖြစ်သည်။ ရှုံ့ဝင်သွားမှုများကို လျှော့ချနိုင်သည့်အပြင် လိုအပ်သည့်မြင့်မားသောခံနိုင်ရည်စွမ်းအား (Strength)၊ အမာဂုဏ်သတ္တိ (Hardness)၊ ဆန့်ထွက်နိုင်မှုနှုန်း (Elongation) နှင့် သိပ်သည်းဆ (Density) တို့ကို ရရှိနိုင်ပါသည်။




Fig : Hot-press titanium carbide made from powder in a graphite die at 4150ºF and at a pressure of 2000 psi, showing equiaxed single - phase structure with black voids. Etch one part HF and four parts $HNO_3$; 100X. (Courtesy of T.I Jones, Las Alamos Scientific Laboratory)

ဖိသိပ်ခြင်းနည်းစဉ်တွင် ကန့်သတ်ချက်အနည်းငယ်ရှိသည်။ ဥပမာ - အလွန်မာကြောသော (Cement Carbide) အစိတ်အပိုင်းများကို ကြံဆထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်ရာတွင် ကန့်သတ်ချက်ရှိကြသည်။ အထက်တွင်ဖော်ပြပေးထားသောပုံအရ အပူချိန် 4150ºF နှင့် ဖိအား 2000 psi ပေး၍ Graphite Die အတွင်း Titanium အမှုန့်ကို ဖိသိပ်ထားခြင်းမှ ရရှိလာသော Equiaxed Single Phase Structure နှင့် Black Pore များ၏ပုံဖြစ်သည်။ ဤနည်းစဉ်၏ အဓိကဆိုးကျိုးသက်ရောက်မှုမှာ အပူချိန်များများခံနိုင်ရည်ရှိရန်နှင့် ဖိအားများများခံနိုင်ရည်ရှိရန်အတွက် Die များပြုလုပ်ရသည့် ထုတ်လုပ်မှုကုန်ကျစရိတ်ဖြစ်ပါသည်။

**ကိုစ (သတ္တုဗေဒ)**

# အစွမ်းထက်သော ရေကုထုံး



ရွှေဥ

ရေသည်သောက်တတ်လျှင် အသက်ကယ်ဆေး (သို့) အသက်ရှည်ဆေးဖြစ်သွားနိုင်ပါ၏။ ဤစာသည် တစ်စုံတစ်ယောက်၏အသက်ကို ကယ်တင်ကောင်း ကယ်တင်နိုင်ပါလိမ့်မည်။ နေ့စဉ်နံနက် အိပ်ရာထထချင်း ရေကိုချက်ချင်းသောက်သော အလေ့အထသည် ယနေ့ နေရာတော်တော်များများတွင် ခေတ်စားနေ၏။ ဂျပန်နိုင်ငံတွင် အထူးခေတ်စားနေသည်ဟု သိရပါ၏။ သိပ္ပံပညာ စမ်းသပ်ချက်များသည် နံနက်ခင်းရေသောက်ခြင်းအလေ့ အထ၏တန်ဖိုးရှိပုံကို သက်သေပြခဲ့ကြပါ၏။

ဤရေကုထုံးဖြင့် အသက်ကြီးရောဂါ၊ ပြင်းထန်သော ရောဂါများနှင့် ခေတ်သစ်ရောဂါများကို ၁၀၀ % ပျောက်ကင်းနိုင်ကြောင်း ဂျပန်ဆေးပညာအဖွဲ့အစည်းတစ်ခုက တွေ့ရှိခဲ့ပါ၏။ ပျောက်ကင်းနိုင်သောရောဂါများမှာ ခေါင်းကိုက်ခြင်း၊ ဝက်ရူးပြန်ခြင်း၊ ဦးနှောက်အမြေးရောင်ခြင်း၊ အန်ခြင်း၊ မျက်စိရောဂါအမျိုးမျိုး၊ နား၊ နှာခေါင်း ရောဂါများ၊ ခန္ဓာကိုယ်ကိုက်ခဲခြင်း၊ အဆစ်အမြစ်ရောင်ရမ်းခြင်း၊ ပန်းနာရင်ကြပ်ရောဂါ၊ တီဘီရောဂါ၊ အဝလွန်ရောဂါ၊ ကျောက်ကပ်ရောဂါ၊ အစာအိမ်နာရောဂါ၊ ဝမ်းလျှောရောဂါ၊ လိပ်ခေါင်းရောဂါ၊ ဝမ်းချုပ်ခြင်း၊ ကင်ဆာရောဂါနှင့် အမျိုးသမီးများရာသီလာမမှန်ခြင်းတို့ဖြစ်၏။

၁။ နံနက်အိပ်ရာနိုးနိုးချင်း သွားမတိုက်မီ ရေ ၁ လီတာဘူး တစ်ဘူးခန့် (သို့) သုံးပုံနှစ်ပုံခန့်သောက်ပါ။

၂။ ပြီးနောက် သွားနှင့်ခံတွင်းသန့်ရှင်းရေးလုပ်ပါ။ ရေသောက်ပြီး ၄၅ မိနစ်အတွင်း မည်သည့်အစာနှင့်ရေကိုမျှ မသောက်ပါနှင့်။

၃။ ၄၅ မိနစ်ကျော်ပြီးလျှင် ပုံမှန်စားနေကျ ပုံစံအတိုင်း နံနက်စာကို စားပါ။

၄။ နံနက်စာ၊ နေ့လယ်စာနှင့် ညစာစားပြီးနောက်ပိုင်း ၂ နာရီအတွင်း မည်သည့်အစာနှင့်ရေကိုမျှ မစားရ၊ မသောက်ရပါ။

၅။ အသက်ကြီးသူများနှင့် မကျန်းမာသူများ၊ အလေ့အကျင့်မရှိသေးသူများဆိုလျှင် သောက်နိုင်သည့်ရေပမာဏမှစ၍ သတ်မှတ်ထားသော ရေပမာဏအထိ လေ့ကျင့်သောက်ပေးပါ။

အထက်ပါနည်းလမ်းများသည် သာမာန်လူအတွက် ကျန်းမာပျော်ရွှင်သော ဘဝတစ်ခုကိုပိုင်ဆိုင်နိုင်စေပြီး ရောဂါဖြစ်နေသူကို ပျောက်ကင်းအောင်ကုသနိုင်ပါ၏။

အောက်တွင်ရောဂါအမျိုးအစားအလိုက် ပျောက်ကင်းသက်သာလျော့နည်းစေနိုင်သောရက်များကို ဖော်ပြထားပါသည်-

| | |
|---|---|
| (က) သွေးတိုးရောဂါ | - ရက်ပေါင်း ၃၀ |
| (ခ) အစာအိမ်ရောဂါ | - ရက်ပေါင်း ၁၀ |
| (ဂ) သွေးချို၊ ဆီးချိုရောဂါ | - ရက်ပေါင်း ၃၀ |
| (ဃ) ဝမ်းချုပ်ခြင်း | - ရက်ပေါင်း ၁၀ |
| (င) ကင်ဆာရောဂါ | - ရက်ပေါင်း ၁၈၀ |
| (စ) တီဘီရောဂါ | - ရက်ပေါင်း ၉၀ |
| (ဆ) အဆစ်အမြစ်ရောင်ရောဂါ | - ရက်ပေါင်း ၁၄ |

ရေကုထုံးတွင် ဘေးထွက်ဆိုးကျိုးမရှိပါ။ ဤကုထုံးကို ကျွန်ုပ်တို့၏ဘဝတစ်လျှောက်လုံး လုပ်ဆောင်သွားနိုင်လျှင် အလွန်ကောင်းပါ၏။ ကျန်းမာပြီး တက်ကြွသောဘဝကို ငွေမကုန်ဘဲ ရေသောက်ပြီးပုံဖော်နိုင်ပါ၏။

ဤစာသည် Internet Page တစ်ခုမှ ဆေးပညာဆောင်းပါးတစ်ပုဒ်အား ဘာသာပြန်ဆိုထားခြင်းကို တစ်ဆင့်ပြန်လည်ဖော်ပြခြင်းဖြစ်ပါသည်။ စာဖတ်သူတို့ထံမတင်ပြမီ ကျွန်ုပ်ကိုယ်တိုင်စမ်းသပ်သောက်သုံးခဲ့ရာ လွန်စွာ သဘောကျလက်ခံမိပါ၏။ ကွန်ပျူတာနေ့စဉ်အသုံးပြုနေရသော ကျွန်ုပ်၏ခန္ဓာကိုယ်ကိုက်ခဲခြင်း၊ မျက်စိညောင်းညာကိုက်ခဲခြင်းတို့ကို သိသာစွာသက်သာပျောက်ကင်းသွားပါ၏။ ဝမ်းမမှန်သောကျွန်ုပ် ဝမ်းမှန်လာပါ၏။ တစ်နေ့လုံးလည်း လန်းဆန်းတက်ကြွနေ၏။ ရေသည်ခန္ဓာကိုယ်၏လုပ်ငန်းဆောင်တာများကို ပုံမှန်လည်ပတ်စေခြင်းအားဖြင့် ရောဂါများကိုသက်သာပျောက်ကင်းစေနိုင်သည်ဟု ယူဆမိပါ၏။ ဓမ္မတာမမှန်သော မိန်းကလေးများအတွက်လည်း အထူးသင့်လျော်သည်ဟု ယူဆမိပါ၏။


သို့သော် ရေကုထုံးတွင် ရေနွေးကိုသုံးသင့်သည်ဟုလည်း မှတ်သားဖူးပါ၏။ ညသိပ်ရေနွေးအဆိပ်ထက်ပြင်းသည်ကိုလည်း သိထားရန်လိုအပ်ပါ၏။ ကျွန်ုပ်ကတော့ နံနက်စောစောရေအေးကိုသာ သောက်ပါသည်။ တခြားအချိန်များတွင်မူ ရေနွေးကိုသောက်သည်က များပါသည်။

ဗုဒ္ဓစာပေများကိုဖတ်၍ စိတ်ထဲတွင် လောဘ၊ ဒေါသ၊ မောဟအစရှိသော ကိလေသာတရားများဝင်လာလျှင် သတိလေးနှင့်ကြည့်သောအကျင့်ကို ရခဲ့ပါ၏။ **'သတိလေးနှင့်ကြည့်ရမှာ ကိုယ့်အလုပ်၊ ကိလေသာတွေကို ပယ်ပေးမှာက တရားအလုပ်'** အစရှိသောဆရာတော်ကြီးများ၏ ဆုံးမဩဝါဒများကိုလည်း မှတ်သားခဲ့ပါ၏။

ကျွန်ုပ်၏ဤစာကိုဖတ်ပြီး စာဖတ်သူလည်း တစ်စုံတစ်ရာသောအကျိုးကျေးဇူးကို ရရှိလိမ့်မည်ဟု မျှော်လင့်မိပါ၏။

အကြင်မာရ်နတ်သည် ကျွန်ုပ်အားကျပ်သိန်းပေါင်းတစ်သောင်းပေးမည်၊ မင်းရဲ့အကျင့်ကို မလုပ်ပါနှင့်တော့ဟု ပြောလာငြားအံ့။ ကျွန်ုပ်သည် မဆိုင်းမတွထိုကျပ်သိန်းပေါင်းတစ်သောင်းကိုသာ စွန့်မည်ဖြစ်၏။ မိမိ၏အကျင့်ကို မည်သည့်နည်းနှင့်မျှ စွန့်လွှတ်မည်မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် ထိုကျပ်သိန်းပေါင်းတစ်သောင်းကိုသုံး၍ မြတ်ဘုရားနှင့်တကွ ရဟန်းသံဃာတော်များကိုလှူ၍ရသောကုသိုလ်ထက် ကွမ်းတစ်ရာညက်ခန့်ပွားများအား ထုတ်ရသော ဝိပဿနာကုသိုလ်ထူးက သာ၍မြတ်ပေ၏။ ကျပ်သိန်းပေါင်းတစ်သောင်းသည် လူ့ဘုံတစ်ဘုံတည်းတွင်သာ သုံး၍ရသောငွေဖြစ်၏။ ဝိပဿနာကုသိုလ်ကား သုံးဆယ့်တစ်ဘုံသာမက နိဗ္ဗာန်ထိတိုင်အောင် သုံးနိုင်၏။ ထိုသို့သောအကြောင်းများကြောင့် မိမိ၌ရှိနေသော ကောင်းသည့်အလေ့အကျင့်တစ်ခုကို မည်သည့်စည်းစိမ်ဥစ္စာတို့နှင့်မျှ မလဲလှယ်လိုခြင်းဖြစ်ပါ၏။ အကျင့်ကောင်းတစ်ခုသည် ဘဝတစ်ခုကိုတိုးတက်ပြောင်းလဲနိုင်စွမ်းရှိပါ၏။ လူသားတိုင်း အကျင့်ကောင်းများကိုကျင့်သုံးပြီး တိုးတက်အောင်မြင်သော ဘဝများကိုပိုင်ဆိုင်ရင်း နောက်ဆုံး၌ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါစေဟု ဆန္ဒပြုရင်း. . . . ။

## ရေအိုးစင်၏ နောက်ကွယ်မှာ



ဪ ညောင်ညိုအရိပ်၊ ချွေးသိပ်ရပ်နား
ခရီးသွားတွက်၊ အားပြည့်စရာ
ပင်အောက်မှာလျှင်
ရေစင်ပြည့်တင် ရေအိုးစင်....။

ဪ အိုးမှာညစ်ညစ်၊ သွင်မသစ်လည်း
ရေစစ်ရေသန့်၊ မေတ္တာဖြန့်ကာ
ပင်မှာညောင်ညို၊ သက်အိုနွမ်းရိ
ဇရာပိလည်း၊ ဖြူသည့်မေတ္တာ
စေတနာဖြင့်၊ နီးနားလာရာ
နွေးထွေးစွာပင်
ရေစင်အေးရေး ရွက်မိုးပေး....။

ဪ ရိပ်ခိုသူများ၊ ပန်းဖြေနားရန်
လမ်းသွားလမ်းလာ၊ စခန်းသာဖို့
စဉ်လာချွေးသိပ်၊ မေတ္တာရိပ်မှာ
လှဲအိပ်နားကာ၊ ရေစင်မြာကို
ရင်မှာမောပြေ၊ သောက်ရလေမှ
ဝေဒနာကင်း၊ ဘေးလည်းကင်းဟု
ရင်တွင်းတွေးပြု၊ ကျေနပ်မှုလျှင်
စွမ်းအားထင်သည်
ရေစင်အိုး၏နောက်ကွယ်မှာ....။

ဪ သိပ္ပံနည်းသစ်၊ ပစ်ခဲ့ခေတ်ဟောင်း
ကာလပြောင်း၍၊ ပုလင်းကောင်းရေသန့်
တီထွင်ဖြန့်ရာ၊ ပင်မှာရေအိုး
အရောင်ညှိုးလှ၊ သောက်နိုးမျှော်ရင်း
ပင်ခြေရင်းမှာ
လူချင်းပြတ်လပ်ခဲ့လေပြီ....။

ဪ ကျေးရွာဓလေ့၊ စဉ်ပျော့်မွေ့သော
ရေပြည့်ထည့်ဝင်၊ ရေအိုးစင်နှင့်
ငယ်စဉ်ခါက၊ သောက်ပျော်ကြသည်
ပညာ့ရိပ်ဝေ၊ ဇာတိမြေကို
ငါလေအောက်မေ့ မိတကား....။

စစ်တွေ-ကြာခိုင်

# အောင်မြင်ခြင်း / အောင်မြင်ကြောင်းတရား



အောင်မြင်ခြင်း/ အောင်မြင်ကြောင်း တရားဆိုတာကို သင်မည်သို့နားလည် လက်ခံထားပါသလဲ။ ယခုသင်ဟာ အောင် မြင်နေတဲ့သူတစ်ယောက်လား။ မအောင် မြင်သေးရင် သင့်ဘဝအိပ်မက်တွေ ကို အောင်မြင်အောင် အကောင်အထည်ဖော် နိုင်ဖို့ရာ သင်ဘာတွေကြိုးစားပြင်ဆင်နေ ပါသလဲ။ ဘဝအိပ်မက်တွေ အကောင် အထည်ဖော်နိုင်ရန် ဘာတွေလိုအပ်မလဲ။ ဘယ်လိုလမ်းကြောင်းမျိုးကို ရွေးချယ် လျှောက်လှမ်းရမလဲဆိုတာကို ကျွန်ုပ်များ စွာစိတ်ဝင်စားမိပါသည်။ ယနေ့မျက် မှောက်ခေတ်တွင် ကမ္ဘာပေါ်၌ အောင်မြင် နေသည့်ပုဂ္ဂိုလ်များက ဘယ်လိုအောင်မြင် ကြောင်း တရားတွေရခဲ့ကြလဲ။ ကျွန်ုပ် သည်အောင်မြင်ကြောင်းတရားကို စာအုပ် များစွာထဲမှာ ရှာဖွေနေခဲ့သည်။ သို့သော် ထိုစာအုပ်တွေထဲမှ တူညီသောအကြောင်း အရာ အနည်းငယ်သာတွေ့ရပါသည်။

ဘဝရည်မှန်းချက်ကို အောင်မြင်ဖို့ရာ ကြံ့ခိုင်သည့်စိတ်ဓာတ်၊ ဖွဲ၊ လုံ့လရှိရမည်ဟု ဆိုထားရာ၊ ဒါ့အပြင် အရေးအကြီးဆုံးနဲ့ အလိုအပ်ဆုံးအချက်ကတော့ **'Faith'** ဆိုတဲ့ ကိုယ့်ကိုယ်ကိုယ် **'ယုံကြည်မှု'** ပါပဲ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချခြင်းဟာ **'ဆုံးရှုံးမှုတွေတွန်းလှန်ပြီး အောင်မြင် မှုဆီရောက်အောင်ပို့ပေးနိုင်တဲ့ စွမ်း အား'** ပဲဖြစ်တယ်။ ကိုယ့်ကိုယ်ကိုယ် အပြည့်အဝယုံကြည်စိတ်ချနေမှ လုပ်ကိုင်



နိုင်စွမ်းတွေပေါ်လာမှာပါ။ ကိုယ်အောင် မြင်ဖို့ရာ ကိုယ့်ကိုယ်ကိုယ် မလှည့်စားမိဖို့ လည်းအရေးကြီးပါတယ်။

ဒါကြောင့် အောင်မြင်တဲ့ဘဝကို ပိုင် ဆိုင်ဖို့ရာ ကျွန်ုပ်ရှာဖွေထားသော ပြဋ္ဌာန်း ချက်လေးများကို ဖော်ပြလိုပါတယ်။

အောင်မြင်မှုရှိဖို့ရာ-

- ဘဝရဲ့မူလပန်းတိုင်ကို တိကျစွာပြဋ္ဌာန်း ပြီး စိတ်ကူးရုပ်ပုံနဲ့စိတ်ဆန္ဒကို နှိုးဆွပုံ ဖော်ပါ။
- ထိုက်တန်တဲ့ အရင်းအနှီးနဲ့ပေးဆပ်ဖို့ ဝန်မလေးပါနဲ့။
- မသိစိတ်ကို မှန်ကန်စွာအသုံးချပါ။
- ဆုံးရှုံးမှုမှန်သမျှဟာ ယာယီအခိုက်အ တန့်သာဖြစ်ကြောင်း လက်ခံထားပါ။
- အရာရာကို ပြောင်းလဲပစ်နိုင်သူဖြစ် ကြောင်း ကိုယ့်ကိုယ်ကိုယ်ယုံကြည်ပါ။
- သိမ်ငယ်စိတ်ကို လက်ခံမွေးမြူခြင်း မပြု ပါနဲ့။
- ကိုယ့်ကိုယ်ကိုယ် ဆင်ခြေမပေးပါနဲ့။ ရိုးသားမှုရှိပါ။
- စည်းကမ်းတကျ လုပ်ဆောင်ပါ။
- မိမိကိုယ်ကို လေးစားပါ။ သန့်ရှင်းသပ် ရပ်မှုရှိပါစေ။
- လဲနေရင်ပြန်ထပါ။ ရောင့်ရဲမနေပါနဲ့။

အလုပ်ကို အဆက်မပြတ်လုပ်နေပါ။ အောင်မြင်မှုဆိုတာ သူ့ကိုရှာဖို့အချိန်မပေး နိုင်လောက်အောင် အလုပ်များနေသူတွေ ထံသာ ရောက်လာတတ်ပါတယ်။ **'လူတစ် ယောက်အောင်မြင်ဖို့ဆိုလျှင် မနေမနား အလုပ်လုပ်နေရမယ်။ အောင်မြင်တဲ့ အထိ အပြင်းအထန်ကြိုးစားရမယ်။ ကိုယ်က ဉာဏ်ရှိမယ်။ ကိုယ့်ဉာဏ်ကို ဘယ်လိုအသုံးချရမလဲဆိုတာသိတဲ့ လူ တစ်ယောက်အဖို့ လိုချင်တာရဖို့မလွဲ ပါဘူး။ အပြင်းအထန် မကြိုးစားတဲ့ လူတစ်ယောက်ဟာ ဘယ်တော့မှမ အောင်မြင်နိုင်ဘူး။ ကံပေးလို့ရတာ ရယ်၊ ဘယ်နတ်ဘုရားကစောင်မပေး လို့ရတာရယ်လို့ဆိုတာကို ကျွန်တော် လုံးဝမယုံပါဘူး'** ဟု အမေရိကန်နိုင်ငံရှိ မိုက်ခရိုဆော့ဖ်ကုမ္ပဏီကြီးတည်ထောင် ခဲ့သူ ကမ္ဘာ့အချမ်းသာဆုံးသူဌေးကြီး ဘီလ်ဂိတ်က ဆိုထားပါသည်။

အလုပ်ခက်သော်လည်း စိတ်မပျက် ပါနှင့်။ လက်မလျှော့ပါနှင့်။ စွဲစွဲမြဲမြဲလုပ်ပါ။ အလွယ်တကူရရှိသော အောင်မြင်မှုသည် အောင်ပွဲမရှိချေ။ လုပ်ငန်းမျိုးစုံမှာ အောင် မြင်နေတဲ့ ခေါင်းဆောင်ကြီးများရဲ့သမိုင်း ကြောင်းကို လေ့လာကြည့်မည်ဆိုပါက 'သူတို့ရဲ့အောင်မြင်မှုပမာဏဟာ သူတို့ရဲ့ မအောင်မြင်မှုအဝဝကို အောင်မြင်စွာ တွန်းလှန်ခဲ့ရတာနဲ့ အတိအကျပမာဏ ချင်း တူညီမှုရှိနေတာကို တွေ့မြင်ရပေ မည်'။ တကယ်ဖြစ်ချင်လျှင် တကယ်လုပ် ရမည်။ ကြိုးစားက ဘုရားပင်ဖြစ်နိုင်သေး သည် မဟုတ်ပါလော။

စိတ်၏သခင်ဖြစ်ရပေမည်။ စိတ်ကို နိုင်နင်းမှသာ အောင်မြင်မှုကိုရှာဖွေနိုင်ပေ မည်။ စိတ်၏စေခိုင်းမှုခံနေရသော စိတ် ကျွန်များသည် အောင်မြင်မှုမရနိုင်။ မိမိ စိတ်ကို ပိုင်နိုင်သည့်သူကိုသာ စိတ်၏ သခင်လို့ဆိုနိုင်ပေသည်။ ကိုလံဘတ်(စ်) သည် သူ့စိတ်ကိုပိုင်နိုင်သည့်အတွက် သူ ပိုင်ဆိုင်သောကမ္ဘာသစ်ကို ကျွန်ုပ်တို့အား ပေးအပ်ခဲ့သည်။ အော်မေးရိုက်နှင့် ဝီလ် ဗာရိုက်ညီနောင်သည် သူတို့စိတ်ကိုပိုင်နိုင် တဲ့အတွက် လူသားများအား အတောင်ပံ တပ်ပေးပြီး လေကြောင်းကိုအောင်နိုင်စေ တယ်။ ဂွန်နက်စ်ဂူးတင်းဘတ်ဟာ သူ့စိတ် သူပိုင်နိုင်တဲ့အတွက် ရွှေ့ပြောင်းလို့ရတဲ့ ခဲစာလုံးလေးများကို လူသားများအား ပေးအပ်ခဲ့တယ်။ ထိုခဲစာလုံးလေးများဖြင့် ယခုကျွန်ုပ်တို့အတွက် စာအုပ်များစွာကို ဖြစ်ပေါ်စေခဲ့ပါသည်။

တစ်ကိုယ်ကောင်းစိတ်မမွေးပါနှင့်။ လူ့ယဉ်ကျေးမှုရရှိတဲ့ အခွင့်အရေးများကို မိမိတို့ကိုယ်ကျိုးအတွက်သာရယူပြီး မိမိတို့ ကပြန်လည်၍ မပေးအပ်လိုသူများသည် အလွန်ကြောက်စရာကောင်းတဲ့ တစ်ကိုယ် ကောင်းသမားများဖြစ်ပါတယ်။ တစ် ကိုယ်ကောင်းစိတ်ကို ပယ်သတ်နိုင်ရပါ မယ်။ မေတ္တာစိတ်ဖြင့် လူတစ်ဖက်သားကို ကြင်နာမှု၊ စာနာမှု၊ ငဲ့ညှာမှုများဖြင့် သိမ် မွေ့စွာ ဆက်ဆံသင့်ပါတယ်။ ထိုသူများ အဖို့ လုပ်သမျှအောင်နိုင်ခြေရှိဖို့ရာ မလွဲ ပါဘူး။

ဗုဒ္ဓတရားတော်များမှာလည်း ဘဝ အောင်မြင်မှုရလိုသူတွေကို မေတ္တာတရား ရှေ့ထား၊ ခန္တီတရားလက်ကိုင်ထားဖို့ ဆုံးမ ထားတာတွေ တွေ့ရပါလိမ့်မယ်။ လူသား အချင်းချင်းစာနာငဲ့ညှာမှုများဖြင့် ကိုယ်ချင်း စာတရားထားရှိသင့်ပါတယ်။လူသားတိုင်း မိမိစိတ်ကိုမိမိပိုင်နိုင်ပြီး ဘဝအောင်မြင် ကြောင်းတရားကို မှန်ကန်စွာရွေးချယ် တတ်ပါစေဟု ဆန္ဒပြုရင်း ချမ်းမြေ့ရိပ်သာ ဆရာတော်ကြီးဟောကြားဆုံးမတော်မူ ထားတဲ့ အောင်မြင်ကြောင်းတရားတော် ကို ဖော်ပြပေးလိုက်ပါတယ်။

- **ပြစ်ကင်းအောင်မြင်၊ မြန်လမ်းစဉ်။**
- **မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား။**
- **ပြောပြုတွေးလျှင်၊ သတိယှဉ်၊ ဆင် ခြင်ဉာဏ်ရှေ့သွား။**
- **စိတ်ထားဖြောင့်မှန်၊ ခွင့်လွှတ်ရန်၊ သည်းခံမေတ္တာထား။**
- **လုံ့လနှင့်ဖွဲ့မလျှော့ဘဲ၊ အမြဲတင်း တင်းထား။**
- **အရာရာတွင် အသုံးဝင်၊ အောင်မြင် ကြောင်းတရား။**

**သျှင်လွန်းအိမ်**



# မယ်တစ်ရွာ မောင်တစ်မြို့





## မင်းညတာရာ

နိုဝင်ဘာလကုန်ခါနီးတိုင် နှင်းတို့မဝေသေး။ မြူတွေလည်း မဆိုင်းသေး။ အအေးဓာတ်ဆိုတာကတော့ ဝေလာဝေး။ ဆောင်းဦးဝင်နေချိန်ရောက်တာတောင် ဆောင်းသည် သူ့အရိပ်အရောင်ကိုသော်မျှ မပြပါ။ မိုးတစ်ခါရွာတိုင်းသည် မိုးရွာပြီးရင် အေးတော့မှာ၊ အေးတော့မှာဟု ပြောနေကြသော်လည်း ရာသီကမအေး။ မြောက်လေက မတိုက်သေးပေ။ မိုးကုန်ဆုံးသွားပေမဲ့ ဆောင်းနယ်ထဲကိုကျူးကျော်ကာ တဖွဲဖွဲစွေပြ၊ တသည်းသည်း ရွာပြနေပြန်သည်။

ဆောင်းသည်တစ်လမျှနောက်ကျပြီးမှ မုန်တိုင်းနှင့်အတူ ရွေ့မျောလာလေတော့သည်။ ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းရှိသည့်အခိုက်တွင် မိုးမရွာသော်လည်း ဆောင်းတွင်းကြီးမှာမို့ အလွန်အမင်း အေးခဲတုန်ခိုက်လာလေတော့သည်။ ပတ်ဝန်းကျင်ရာသီက အေးစက်မှုန်မှိုင်းရသည့်အထဲ ဆောင်းတွင်းအခါသမယဆိုတော့ ပြောမပြချင်အောင်ပင် အေးခဲချမ်းစိမ့်လာသည်။ ဤသို့ဖြင့် ဆောင်းသည် လူတွေ၏ရင်ဘတ်ကို ဖြိုခွင်းကာဝင်ရောက်လာလေတော့သည်။

ဆောင်းမုန်တိုင်း၏ အေးခဲငြိမ်သက်မှုကို စူးစူးရှရှခံစားရသဖြင့် တော်တော်လေးပင်ဖြုံသွားသည်။ မုန်တိုင်းဝေးလွင့်သွားသောအခါတွင်တော့ မနက်ခင်းနှင်းမြူတွေ သည်းသည်းဝေဝေကျလာလေသည်။ အအေးဓာတ်ကလည်း တဖြည်းဖြည်း စိမ့်ခနဲစိမ့်ခနဲ အေးစက်လာတော့သည်။

ဆောင်းရာသီအတွက် ကြိုတင်စုဆောင်းဝယ်ယူကာ ဆိုင်တွင်ခင်းကျင်းပြသထားသော အနွေးထည်များမှာ နိုဝင်ဘာတစ်လလုံးငြိမ်သက်နားနေရာမှ တလှုပ်လှုပ်ဖြင့် အရောင်းရစံချိန်တင်လာသည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ပစ်စလက်ခတ် ပေပေတေတေနေတတ်သော ကိုယ်သည်ပင် သည်ဆောင်းမှာနွေးနွေးထွေးထွေးဖြစ်အောင် ဂရုစိုက်ရသည်။ အခုအသက်အရွယ်ထိ ခြေအိတ်မဝတ်ခဲ့ဖူးသောကိုယ်သည် ညမနက်မှာခြေအိတ်စွပ်လာရသည်။ ခေါင်းစွပ်အနွေးထည်ကိုဝတ်ပြီး ခေါင်းအမြဲဆောင်းထားရသည်။ ရေအိုးထဲကရေကို မသောက်နိုင်ဘဲ ရေနွေးကိုသာ သောက်ရတော့သည်။

သည်ဆောင်းရာသီက မကြုံဖူးအောင်အေးစက်လွန်းသည်မို့ အသက်ကြီးသူတွေအတွက် ကျန်းမာရေးစိတ်ပူရသည်။ အလွန်အမင်းအေးစက်စပြုသည့် ဆောင်းရာသီတစ်နေ့မှာပင် ဘယ်လိုမှ မျှော်လင့်မထားသည့် လူတစ်ယောက် ဖြုန်းခနဲသေဆုံးသွားသဖြင့် အားလုံးအံ့ဩကုန်ကြသည်။ ကိုယ်လည်း အသက်ကြီးလာတယ်လို့ စိတ်ကထင်လို့လားမသိ။ ကျန်းမာရေးကိစ္စကိုပဲ ဂရုပြုနေရသည်။ ငယ်တုန်းရွယ်တုန်းက သွေးသားကောင်းတော့ ရာသီဥတုဒဏ်ခံနိုင်ပေမဲ့ တဖြည်းဖြည်း အသက်အရွယ်ရလာသောအခါ ရာသီဥတုဒဏ်ကို ဂရုစိုက်ကာကွယ်ရသည်။

ကျောင်းတက်တုန်းက ဖယ်ရီကားစီးရင်း ကားခေါင်မိုးပေါ်ကနေ ဆောင်းလေရဲ့ဒဏ်ကိုခံနိုင်ခဲ့ပေမဲ့ အခုအချိန်မှာတော့ ခံနိုင်ရည်ရှိနိုင်ပါမလားဟု တွေးပူနေရပြီ။ သည်တော့လည်း ငယ်တုန်းရွယ်တုန်းမှာ ပညာတွေရှာ၊ ဥစ္စာတွေရှာဆိုတဲ့ အတွေးအခေါ်က မှန်ကန်နေပါလား။ အသက်တွေကြီးသွားရင် ကျန်းမာရေးယိုယွင်းလာသဖြင့် စိတ်ရောကိုယ်ပါ မပါနိုင်တော့ဘူးလေ။

အခုပဲကြည့်ပါ။ ညဆိုရင် ရာသီက အေးစက်နေတာမို့ ကလောင်မကိုင်ချင်တော့။ ကလောင်မကိုင်ချင်တာက လည်း ဦးနှောက်ကအေး၊ နှလုံးသားကခဲမို့ ဘာရေးရမှန်းပင်မသိတော့။ စာဖတ်ပါလားဆိုတော့လည်း စောင်ခြုံထဲကမထွက်ချင်သဖြင့် စာအုပ်တောင်မဖတ်နိုင်။ ထိုအခါ ဘာမှမလှုပ်ရမရှားရဘဲ ငြိမ်ငြိမ်သက်သက်အိပ်နေလို့ရသည့် ရုပ်ရှင်ကားတွေသာကြည့်ဖြစ်သည်။ ကိုယ့်လိုစာရေးသူတစ်ယောက်အတွက် ဆောင်း တွင်းဆိုတာ ကလောင်ပါအေးစက်ရသည့် အဖြစ်ပေကိုး။

အပြင်လမ်းတွေမှာလည်း ညရှစ်နာရီကျော်တာနဲ့ လူသူတွေကြဲပါးတိတ်ဆိတ်သွားသည်။ အေးစက်စက်ဆောင်းကို အိမ်ထဲမှာပင်ပွေ့ခေါ်ကာ ထွေးနွေးရတော့မည်။ တစ်ခါတစ်ခါတော့လည်း အချုပ်တန်းဆရာဖေလို ချမ်းပုံကကမ်းကုန်ရစ်တာမို့ မန်းတုံအောင် လမ်းဆုံကဟာစ်လိုက်ချင်သေးသည်။ ထိုကဗျာ၏အဖွဲ့အနွဲ့ကို နှစ်သက်သဘောကျခဲ့ပေမဲ့ အခုမှကိုယ်တွေ့ဟာစ်ချင်လာမိသည်။ ရှေးအခါက သာယာဝတီမင်းလက်ထက်တွင် မင်းမျက်သင့်သောကြောင့် မဲဇာအရပ်သို့ အပို့ခံရသော လက်ဝဲသုန္ဒရအမတ်ကြီး၏ 'မဲဇာတောင်ခြေ' ကဗျာစာသားတွေကို အမှတ်ရမိပြီး အမတ်ကြီးအားကိုယ်ချင်းစာမိသည်။ မနက်လင်းလျှင် 'နေခြည်ဖြာမှနွေးသောကြောင့်' ညည်းကာနေမင်းကို မျှော်လင့်ရသည်။

ငွေနှင်းကလေးမရီ့တရီတွင် လေညင်းကလေးမချီ့တချီဖြစ်၍ ကသီကရီနိုင်လှသော ဆောင်းအလှကို ကဗျာရေးဖွဲ့ခဲ့ကြသည့် ရှေးစာဆိုကြီးများ၏ကဗျာများတွင် အဖော်ကိုတောင့်တပုံတို့ကို ရေးဖွဲ့ခဲ့ကြသည်များရှိကြသည်။

ရွှေလှေ့ဝန်ကတော်ကြီး ဒေါ်ခင်ဆုံ ရေးသည့် ဆောင်းဘွဲ့တေးထပ်ကဗျာတွင်

'ဘယ်နည်းဘယ်ပုံ၊ မယ်လုံအောင်
ကြံဖန်ရမယ်တုံး၊ ပြန်လှန်ဆတယောင်
ယောင်၊ ဝဲတိုက်ကြာညောင်၊ ဖူးစာရှင်ခင်
မေ့မောင်ရယ်၊ ရင်ငွေ့ရောင်လှုံစမ်းချင်
လှလေး'

ဟု ရေးဖွဲ့ခဲ့သည်။

အချုပ်တန်းဆရာဖေကလည်း-

'ကိုးရာမယ့် ချမ်းသူ့ကံငယ်၊ ညဥ့်သန်းယံ
ဗဟိုရ်နက်တောင်မှ၊ အို စက်လို့ပျော်နိုင်
ပြီ၊ အေးတဲ့ရာသီ၊ ခင်ထွေးလို့ပိုက်ချီလျှင်၊
မငိုက်မီပျော်သေးရဲ့လေး'

ဟုကဗျာဖြင့် တောင့်တပြန်လေသည်။

တဖန်တောင်တွင်းဆရာကျော့ကလည်း-

'လက်ဦးငယ်ရင်၊ ဖက်ဖူးဆင်မေခင်
ကြိုက်ကယ်နှင့်၊ ခြုံပိုက်ကာ လာမပွေ့
တာကြောင့်၊ တုန်လိုက်တာ ဘမယာမွေ့
မှာ ချမ်းမြွေရေတုံး'

ဟုစပ်ဆိုခဲ့ပါသည်။

မြင်းစိုင်းမင်းသမီးက-

'ဖဲပိုးညွှန့်ထပ်ကာခြုံတယ်၊ မလုံနိုင်အေး
လိုက်တာများ၊ ဖူးအရင့်ကေခိုင်ရယ်၊
နေနိုင်တောမူအား၊ ရင်ငွေ့တော်တူနှစ်
ပါး လှည့်ပြောလို့ခိုလှုံ၊ သဥ္ဇာလီဘုံကြွ၊
သည်လိုမှ နွေးလိမ့်တစ်ပုံ'

ဟုဆိုပြန်လေသည်။

ဆောင်းလအခါမှာ အဖော်မစုံသူတို့ ဆွေးရတဲ့အကြောင်းကို ရွှေနန်းဘွဲ့မှာတမ်းများရေးသူ ဦးစံတူက-

'မြေမခပင်စုံမှာ၊ သဇင်ငုံကြွေဆင်းလို့၊
ငွေနှင်းရွှေဆောင်သည်ဖွေ၊ အေးရတဲ့
ဖေ၊ ဆွေးစေတဲ့အကြောင်းခေတယ်၊
ဆောင်းသနွေတည်စမို့လေး'

ဟုကဗျာရေးဖွဲ့လေသည်။

အခုခေတ် စာရေးသူတွေကရော ဆောင်းကိုဘယ်လိုရေးဖွဲ့မလဲ၊ ဆောင်းမှာဘာကိုတောင့်တမလဲ။ ဟော နားထောင်ကြည့်စမ်းပါဦး။ ရေဒီယိုက အသံလွှင့်တဲ့ ဆောင်းရာသီသီချင်းသံစဉ်တွေ။

'အလွန်အေးတဲ့ရာသီ. . . အလွန်ချမ်းတဲ့ရာသီ. . . မယ်တစ်ရွာ မောင်တစ်မြို့တော့ နေလို့လည်းမဖြစ်နိုင်ပါပြီ'

နွေးထွေးတဲ့ရင်ခွင်တစ်စုံဟာ ဆောင်းလရာသီမှာပဲ လိုအပ်တာလား။ ဆောင်းလရာသီမှာ နွေးထွေးတဲ့ရင်ခွင်တစ်စုံရှိသင့်ပါရဲ့လား။



# မရှိမဖြစ် 'မိုး'

ဇင်ယော်

ကိုယ့်အိမ်မှာ အလှူလုပ်လို့လူပင်ပန်း၊ စိတ်ပင်ပန်း ရတယ်။ အလှူပြီးလို့ ရေစက်ချတော့ ကြည်နူးဝမ်းမြောက် စိတ်ချမ်းသာရပြန်တယ်။ ကိုယ်စိတ်ပင်ပန်းခြင်း၊ ဝမ်းသာခြင်းဆိုတာတွေက ကုသိုလ်၊ အကုသိုလ်စိတ်မဟုတ်ဘဲ အဗျာကတဖြစ်ပါတယ်။ ဒီတော့ ကုသိုလ်ကအဗျာကတကိုလည်း ကျေးဇူးပြုပါတယ်။

လိုချင်တပ်မက်မှုဆိုတဲ့လောဘက အကုသိုလ်စိတ်ပါပဲ။ ဒီလောဘကြောင့်ပဲ သူတစ်ပါးဥစ္စာကိုခိုးတယ်၊ သူများအသက်ကို သတ်တယ်၊ သူများနေရာလုတယ်ဆိုရင် အကုသိုလ်တွေက စဉ်ဆက်မပြတ်တိုးပွားနေမှာဖြစ်ပါတယ်။ ဒါကတော့ အကုသိုလ်က အကုသိုလ်ကိုကျေးဇူးပြုတာပါ။

အကုသိုလ်က ကုသိုလ်ကိုကျေးဇူးပြုနိုင်တာလည်း ရှိပါသေးတယ်။ မသိနားမလည်လို့ဘဲဖြစ်ဖြစ်၊ မိဘဆရာသမားတွေရဲ့ဆိုဆုံးမမှုကို မရလို့ဘဲဖြစ်ဖြစ် မကောင်းမှုကို ပြုမိတတ်ကြပါတယ်။ ဒါပေမဲ့ပြုမိတဲ့ မကောင်းမှုအကုသိုလ်ကိုနောင်တရပြီး ဒါန၊ သီလ၊ ဘာဝနာတွေ ကြိုးစားအားထုတ်မယ်ဆိုရင် အကုသိုလ်ကကုသိုလ်ကို ကျေးဇူးပြုရာရောက်ပါတယ်။


စာဖတ်သူများလည်း ကျိုက်ထီးရိုးဘုရားဖူးမြော်ဖူးကြမှာပါ။ တောင်တက်လမ်းတစ်လျှောက် ခန္ဓာကိုယ်ပင်ပန်းမှု ကာယိကဒုက္ခတွေဘယ်လိုခံစားရပေမဲ့ ကျိုက်ထီးရိုးဆံတော်ရှင်ကိုဖူးမြင်လိုက်ရရင် ပင်ပန်းသမျှအမောပြေပြီး စိတ်ရဲ့အေးငြိမ်းချမ်းသာမှုကို ရစေပါတယ်။ ဒီတော့ ကိုယ်ပင်ပန်းခြင်းဆိုတဲ့ အဗျာကတကစိတ်အေးချမ်းခြင်းဆိုတဲ့ အဗျာကတကိုလည်း ကျေးဇူးပြုပါတယ်။

လူတွေက ပြည့်ပြည့်စုံစုံ ချမ်းချမ်းသာသာနေချင်ကြတယ်။ ဒီတော့ ကံ၊ ကံ၏အကျိုးကိုမျှော်ကိုးပြီး ဒါနပြု ဥပုသ်စောင့်၊ အဓိဋ္ဌာန်ဝင်၊ သက်သတ်လွတ်စား၊ ဘာဝနာပွားများတတ်ကြပါတယ်။ ဒီတော့ ချမ်းသာစွာနေချင်တဲ့စိတ်ကိုအကြောင်းပြုပြီး ကုသိုလ်ကောင်းမှုတွေဖြစ်လာရပါတယ်။ အဗျာကတက ကုသိုလ်ကိုကျေးဇူးပြုတဲ့ဥပမာပါပဲ။

ဘဝခရီးဆိုတာ အနိမ့်၊ အမြင့်၊ အတက်အကျနဲ့ဆင်းရဲတစ်လှည့် ချမ်းသာတစ်လှည့်ဖြစ်သန်းသွားရတာမျိုးပါ။ အဆင်မပြေတဲ့အခိုက်အတန့်မှာ ဆင်းရဲပင်ပန်းတဲ့ ကာယိကဒုက္ခတွေကိုအကြောင်းပြု၍ သူတစ်ပါးပစ္စည်းခိုးဆိုးလုယက်ပြီး အကုသိုလ်အမှုတွေပြုမိတတ်ပါတယ်။ ဒါဆိုရင်တော့ အဗျာကတက အကုသိုလ်ကိုကျေးဇူးပြုတာဖြစ်ပါတယ်။

'သူက ဘယ်သူ့သားလေ'၊ 'သူ့ဆရာကတော့ ဘယ်သူကိုး' စသည်ဖြင့် လက်ရှိအောင်မြင်နေတဲ့ စီးပွားရေးသမားတွေ၊ ဆရာဝန်၊ အင်ဂျင်နီယာ၊ အရာရှိအရာခံတွေရဲ့အကြောင်းကို စာဖတ်သူများကြားဖူးကြမှာပါ။ လူ့လောကမှာအောင်မြင်ဖို့၊ တိုးတက်ဖို့၊ ကြီးပွားဖို့ဆိုရင် အမှီကောင်းရှိဖို့လိုပါတယ်။ ဘယ်နေရာမှာမဆို အမှီကောင်းမရှိရင်၊ ခေတ်စကားနဲ့ Background ကောင်းကောင်းမရှိရင် ကြိုးစားသလောက် ခရီးမပေါက်နိုင်ပါဘူး။

အမှီကောင်းဆိုတာမှာလည်း မိဘအသိုက်အဝိုင်းကောင်း၊ ဆရာကောင်းသမားကောင်း၊ သူငယ်ချင်းမိတ်ဆွေကောင်းဆိုတာတွေ အများကြီးပါပါတယ်။ အထူးသဖြင့် ကိုယ်လုပ်တဲ့အလုပ်ကို အနှောင့်အယှက်ကင်းကင်းနဲ့ လုပ်နိုင်အောင်၊ ကိုယ်လိုတာမှန်သမျှပံ့ပိုးပေးနိုင်တဲ့သူ၊ သင်ကြားဆုံးမပြသပေးနိုင်တဲ့သူတွေကို ဆိုလိုတာဖြစ်ပါတယ်။ လူပုဂ္ဂိုလ်မှမဟုတ်ပါဘူး။ ရာသီဥတု၊ အချိန်နေရာ၊ အစားအစာစတာတွေကလည်း အထောက်အပံ့ကျေးဇူးပြုနိုင်ကြပါတယ်။ ဒီလို အထောက်အပံ့ကျေးဇူးပြုနိုင်တာကို



ပဋ္ဌာန်းတရားတော်အလိုအရ ဥပနိဿယပစ္စယောလို့ ခေါ်ပါတယ်။

'ဥပနိဿယ' ဆိုတာမှာ (ဥပ = အားကြီးသော) + (နိဿယ = မှီရာ) ဖြစ်တဲ့အတွက် အားကြီးသောတည်ရာမှီရာအနေနဲ့ ကျေးဇူးပြုပါတယ်။ ရှေးဆရာများက ဥပနိဿယကို 'မိုး' နဲ့ဥပမာပေးထားပါတယ်။ မိုးရွာမှကောက်ပဲသီးနှံစပါးပင်တွေ ရှင်သန်ဖြစ်ထွန်းကြပါတယ်။ သစ်ပင်ပန်းမန်တွေလည်း ဝေဆာပွင့်ဖူးနိုင်ကြပါတယ်။ တောတောင်ရေမြေအားလုံးလည်း စိမ်းလန်းစိုပြေရပါတယ်။ ထို့အတူ သက်ရှိသတ္တဝါအားလုံးလည်း မိုးရှိမှရှင်သန်ကြပါတယ်။ အားကြီးသောတည်ရာမှီရာအနေနဲ့ ကျေးဇူးပြုလို့ ဥပနိဿယပစ္စည်းကို မရှိမဖြစ် 'မိုး' လို့တင်စားဆိုချင်ပါတယ်။

ဥပနိဿယပစ္စည်းမှာ ကျေးဇူးပြုပုံအမျိုးမျိုးရှိပါတယ်။ 'ပုရိမာ၊ ပုရိမာ ကုသလာဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ၊ ဥပနိဿယ ပစ္စယေနပစ္စယော' ဆိုတဲ့ ပဋ္ဌာန်းဒေသနာတော်အရ သဒ္ဓါတရားကြောင့်ပြုခဲ့တဲ့ ရှေးရှေးကုသိုလ်တွေက နောက်နောင်ပြုမယ့်ကုသိုလ်တွေကို အားကြီးသောတည်ရာမှီရာအနေနဲ့ ကျေးဇူးပြုပါတယ်။ 'ရှိလို့လှူ လှူလို့ရှိ' ဆိုတာမျိုးတွေပါ။ ဒါကတော့ ကုသိုလ်ကကုသိုလ်ကို ကျေးဇူးပြုတာဖြစ်ပါတယ်။

ကောင်းမှုတွေလုပ်၊ အလှူအတန်းတွေပေးပါတယ်။ ဒါပေမဲ့ 'ငါကမှသဒ္ဓါတရားရှိလို့ လှူနိုင်တာ။ ဘယ်သူတို့ဆိုရင် သဒ္ဓါနည်းတော့ ဘာအလှူအတန်းမှမလုပ်ကြဘူး။ ငါလိုလူကို သူတို့လာယှဉ်လို့ ဘယ်ရမလဲ' ဆိုပြီးတွေးနေကြံနေရင် ကုသိုလ်ကအကုသိုလ်ကို ကျေးဇူးပြုမှာဖြစ်ပါတယ်။

ဒီအချက်တွေကတော့ ဥပနိဿယပစ္စည်းနဲ့ကျေးဇူးပြုနိုင်တဲ့ နည်းလမ်းတွေဖြစ်ပါတယ်။ ဥပနိဿယပစ္စည်းထိုက်တာတွေကိုလည်း 'ဥတုဘောဇနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော၊ ပုဂ္ဂလောပိ ဥပနိဿယပစ္စယေနပစ္စယော၊ သေနာသနမ္ပိ ဥပနိဿယပစ္စယေနပစ္စယော' လို့ဆိုပြီး ဟောကြားထားပါတယ်။ ဥတု၊ ဘောဇဉ်၊ ပုဂ္ဂိုလ်နဲ့ နေရာ အိမ်ကျောင်းတွေဟာ ဥပနိဿယပစ္စည်းထိုက်တယ်လို့ ညွှန်ပြထားတာဖြစ်ပါတယ်။

ဥတုဆိုတာ ကုသိုလ်၊ အကုသိုလ်မဟုတ်ဘဲ အပူအအေးစတဲ့ 'တေဇောဓာတ်' အဗျာကတဖြစ်ပါတယ်။ ဥတုမျှတရင် ကောက်ပဲသီးနှံဖြစ်ထွန်းမယ်။ အရောင်းအဝယ်ကောင်းပါမယ်။ ဒီတော့ အလှူအတန်း၊ သီလဘာဝနာကုသိုလ်အလုပ်တွေတိုးလုပ်ဖြစ်ပါတယ်။ ဥတုကောင်းလို့ အရောင်းအဝယ်ကောင်းတယ်။ ဒီတော့ လက်ထဲမှာငွေရှင်ပြီး အပျော်အပါး၊ အသောက်အစား၊ လောင်းကစားအကုသိုလ်အမှုတွေလည်း ပြုမိတတ်ပါတယ်။ ထို့အပြင် ဥတုကောင်းမွန်ရင် ကာယိကသုခတွေဖြစ်ရသလို၊ ဥတုဖောက်ပြန်ရင်လည်း ကာယိကဒုက္ခတွေဖြစ်ရပါတယ်။ ကုသိုလ်၊ အကုသိုလ်နဲ့ အဗျာကတသုံးမျိုးလုံးကို ကျေးဇူးပြုနိုင်လို့ ဥတုက ဥပနိဿယပစ္စည်းထိုက်ပါတယ်။

ဘဝမှာစားဝတ်နေရေးက အရေးအကြီးဆုံးပါ။ ကိုယ်စားချင်တာစားရရင် ကာယသုခ၊ စိတ္တသုခတွေနဲ့ ပြည့်စုံပါတယ်။ ကိုယ်စားချင်တာမစားရရင်၊ အစားအသောက်အဆင်မပြေရင်တော့ ကာယဒုက္ခ၊ စိတ္တဒုက္ခတွေပါပဲ။ စားသောက်ဖွယ်ရာတွေကို အကြောင်းပြုလို့ အလှူအတန်းပြုပြီးကုသိုလ်ပွားများနိုင်သလို၊ အစားအသောက်ဆင်းရဲချို့တဲ့လို့ ခိုးဝှက်လုယူစားသောက်ရာကနေအကုသိုလ်တရားတွေ ဖြစ်သွားနိုင်ပါတယ်။ ဒါကြောင့် ဘောဇဉ်လို့ခေါ်တဲ့ စားသောက်ဖွယ်ရာတွေကလည်း ကုသိုလ်၊ အကုသိုလ်နဲ့ အဗျာကတကိုကျေးဇူးပြုလို့ ဥပနိဿယပစ္စည်းပါပဲ။

နေရာအဆောက်အဦဟာ လူ့ဘဝရဲ့အခြေခံလိုအပ်ချက်တစ်ခုပါပဲ။ 'သေနာသန' ဆိုတဲ့ အိမ်၊ ကျောင်း၊ အဆောက်အဦ၊ နေရာထိုင်ခင်းနဲ့အလားတူ အရာအားလုံးဟာ လူတိုင်းအတွက်မရှိမဖြစ် အရေးပါလှပါတယ်။ သိမ်၊ ကျောင်း၊ ဇရပ်စတဲ့ အဆောက်အဦတွေကိုတည်မှီပြီး ကုသိုလ်ပြုလို့ရသလို လောကီအာရုံကာမဂုဏ်အကုသိုလ်တွေခံစားဖို့ အိမ်ရာအဆောက်အဦတွေ လိုအပ်ပါတယ်။ ထို့အပြင် အဆောက်အဦပေါ်မူတည်ပြီး ကိုယ်ကျန်းမာစိတ်ချမ်းသာခြင်း၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခြင်းတွေလည်း ဖြစ်ရပါတယ်။ ထို့ကြောင့် 'သေနာသန' ဆိုတဲ့ နေရာ၊ အဆောက်အဦဟာလည်း ဥပနိဿယပစ္စည်းဖြစ်ပါတယ်။

'လူကြီးချစ်တယ်' 'လူကြီးနဲ့အဆင်ပြေမှဖြစ်မယ်' ဆိုတဲ့စကားကို စာရေးသူကော၊ စာဖတ်သူပါကြားဖူး၊ သုံးဖူးကြပါတယ်။ လူပုဂ္ဂိုလ်တစ်ဦးကနေ အခြားပုဂ္ဂိုလ်တစ်ဦးကို ကုသိုလ်၊ အကုသိုလ်နဲ့အဗျာကတတွေဖြစ်အောင် ကျေးဇူးပြုနိုင်လို့ ပုဂ္ဂိုလ်ဟာလည်း ဥပနိဿယပစ္စည်းထိုက်ပါတယ်။ လူ့ဘဝအစမှာ ကိုယ်ကြုံတွေ့ရတဲ့ အမိ၊ အဖတွေဟာ ဥပနိဿယပစ္စည်းတွေပါပဲ။ မိဘတွေရဲ့အသိအမြင်၊ အရည်အချင်း၊ အသိုင်းအဝိုင်း၊ အရှိန်အဝါတွေက ကိုယ့်ဘဝတစ်လျှောက်လုံးကို ပံ့ပိုးပေးသွားမှာဖြစ်ပါ

စာမျက်နှာ ၁၁ သို့ -

# ရှေးဘဝရေစက်ဟောင်းကြောင့်ကွယ်

ကျွန်မနားထဲတွင် မကြားတစ်ချက် ကြားတစ်ချက် ဘုရားရှိခိုးသံများကို ကြားနေရသည်။ အင်း ဒါဆိုရင်တော့ နံနက် ၅ နာရီ (သို့) ၅ နာရီကျော်ကျော်ရှိပြီ။ ဒါကိုသိလိုက်တာနှင့် တစ်နေ့တာအတွက် လှုပ်ရှားရုန်းကန်ရတော့မည်ကို သတိထားမိပါသည်။ တစ်နေ့တာအတွက် မလှုပ်ရှားခင်မှာဘဲ ကျွန်မလည်းဘုရားရှိခိုး၊ ကုသိုလ်ကောင်းမှုများ ပြုလုပ်ဖို့ရန်အတွက် အိပ်ချင်စိတ်ကို အတင်းဖြေဖျောက်ပြီး အိပ်ရာမှလူးလဲထခဲ့ရ၏။

ကျွန်မတို့သည် အမိမွေးရပ်မြေမှခွဲခွာပြီး ပခုက္ကူအထည်စက်ရုံ၌ တာဝန်ထမ်းဆောင်နေကြသော မိန်းကလေးများဖြစ်ကြပါသည်။ ရပ်ဝေးမှလာရောက်တာဝန်ထမ်းဆောင်သော ဝန်ထမ်းများအတွက် လူပျိုဆောင်၊ အပျိုဆောင်၊ အိမ်ထောင်သည်ဝန်ထမ်းအိမ်ရာစသည်ဖြင့် နေရာအသီးသီးချထားပေးရာ ကျွန်မနှင့် ကျွန်မသူငယ်ချင်းများက အမျိုးသမီးဆောင် ၇ ဆောင်ရှိတဲ့အထဲက 'ငုဝါ' ဆောင်မှာနေထိုင်ကြပါသည်။

ကျွန်မတို့စက်ရုံမှာ အလုပ်ဆင်းတဲ့အခါ ကုန်ထုတ်ဝန်ထမ်းတွေက နံနက် ၆ နာရီမှ ၂ နာရီခွဲထိ အလုပ်ဆင်းပြီး၊ ၂ နာရီခွဲမှစပြီး အလုပ်ဝင်တဲ့သူတွေက ည ၁၁ နာရီမှာ အလုပ်ချိန်ပြီးဆုံးတယ်လေ။ ရုံးဝန်ထမ်းတွေကတော့ ရုံးချိန်အတိုင်းပဲ ရုံးတက်ကြရတယ်။ ရှေးရှေးဘဝက ချခဲ့ဖူးသောရေစက်ကြောင့်လားမသိ။ အနယ်နယ်အရပ်ရပ်မှ ကျွန်မတို့တစ်တွေဟာ တစ်မိုးအောက် တစ်ဆောင်ထဲမှာ ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင်နှင့်အတူတူသွား၊ အတူတူစားနေထိုင်ကြရင်း တစ်ယောက်အပေါ် တစ်ယောက် ဖေးဖေးမမနဲ့ စောင့်ရှောက်ချစ်ခင်သွားကြတာကိုစဉ်းစားရင် အံ့သြစရာကောင်းလောက်အောင်ပါပဲရှင်။ အခုလည်း ကျွန်မအိပ်ယာကထတဲ့အချိန်ဟာ နံနက် ၆ နာရီ အလုပ်ဆင်းရမည့်သူများအတွက်မျက်နှာသစ်၊ သွားတိုက် စတာတွေကို လုပ်နေကြတဲ့အချိန်ပေါ့။ ပြီးလျှင် ဘုရားရှိခိုးကြ၊ ချက်ကြပြုတ်ကြနဲ့ ပြီးခဲ့တဲ့ညက တိတ်ဆိတ်ငြိမ်သက်စွာအိပ်ပျော်နေတဲ့အပျိုဆောင်ဟာ အခုဆိုရင် ဆူဆူညံညံလှုပ်လှုပ်ရှားရှားနဲ့ နိုးထလို့နေပါပြီ။ ကျွန်မနှင့်အတူ ကျွန်မသူငယ်ချင်းများကလည်း ဘုရားကန်တော့ဖို့ ချက်ပြုတ်ကျွေးမွေးဖို့ နိုးထနေကြပါပြီ။ အဲကျွန်မသူငယ်ချင်းထဲမှာမှ ထူးခြားတာက စုစုခင်ပါ။ သူက ၄ နာရီခွဲလောက်ကတည်းက ထတယ်။ အခု ကျွန်မတို့မျက်နှာသစ်နေတဲ့အချိန်မှာ သူကဘုရားရှိခိုးနေပြီ။ သူမက ကျွန်မအတွက် နံနက်တိုင်းမှာ နိုးစက်တစ်ခုလိုပါပဲရှင်။ ကျွန်မလည်းမျက်နှာသစ်ပြီး ထမင်းအိုးချက်ခလုပ်ကိုနှိပ်ပြီးလျှင် ငါးပါးသီလကန်တော့၊ တရားရှုမှတ်နေပြီး ၁၅ မိနစ်လောက်ရှိပြီဆိုရင် နံနက် ၆ နာရီအလုပ်ဆင်းရမည့်သူတွေရဲ့ ဆိုင်ကယ်ချသံ၊ စက်နှိုးသံကိုကြားနေရ၏။ သူတို့တစ်တွေလုပ်ငန်းခွင်သွားကြပြီဆိုရင်တော့ အဆောင်မှာပြန်လည်ဆိတ်ငြိမ်သွားပြီး ရုံးဝန်ထမ်းတွေရဲ့ ဘုရားရှိခိုးသံကို သဲသဲကွဲကွဲကြားရပါတယ်။ ပြီးစီးသွားတဲ့သူတွေကလည်း ချက်ပြုတ်ကျွေးမွေးဖို့ ကြိုးစားနေကြတဲ့အချိန်ပေါ့ရှင်။

ကျွန်မတရားရှုလို့ နာကျင်ကိုက်ခဲတဲ့ဝေဒနာကို သည်းခံပြီးရှုနေတုန်းမှာပဲ ကိန်. . . ကိန်. . . ကိန်. . . ။

'သွားအပြင်ထွက်။ ငါရဲ့အဝတ်တန်းပေါ်မှာ တင်ထားတဲ့လုံချည်တွေကို အောက်



ကိုဆွဲချတယ်။ နောက်ကို အဲသလိုလုပ်ရင် အဲသလိုထပ်ရိုက်မယ်'

ကျွန်မသူငယ်ချင်း မခင်လေးရဲ့တစ်လသားခွေးပေါက်စလေးကို ဆုံးမနေတဲ့အသံ။ ရိုက်တာက သာသာလေး၊ အကောင်ပေါက်စက အော်လို့ကိုမဆုံးနိုင်ဘူး။ ကျွန်မသတိလက်လွတ် တွေးမိလိုက်ပါသည်။ ကျွန်မသူငယ်ချင်းတော့ စောစောစီးစီးဒေါသထွက်နေရပါပြီ။ ကျွန်မတရားရှုရင်း သူတို့နှစ်ဦးဆီကို အာရုံရောက်သွားတာကြောင့် သွက်လက်စွာဘုရားကန်တော့ကာ ညဘုရားရှိခိုးတဲ့အခါကျမှပဲ နံနက်ကပြုခဲ့တဲ့ကုသိုလ်တွေကို ပေါင်းစုအမျှဝေတော့မည်ဟု စဉ်းစားရင်း တရားဖြတ်ကာ အခန်းတံခါးကိုဖွင့်လိုက်သည်။ ထို့နောက် အပြင်အထွက် မခင်လေးက ဆက်ပြောတယ်။

'အဲဒီခွေးပေါက်စ ညဆိုလည်းအဆောင်ထဲမှာပဲ အိပ်ချင်တာ'

တဲ့။ မှန်ပါ၏။ ညဘက်အဆောင်တံခါးပိတ်မည်ဆိုလျှင် သူ့ကိုလိုက်ရှာပြီး အပြင်ထုတ်ရတာအလုပ်တစ်လုပ်။ အဲဒါတောင်မှ အပြင်ကနေ တံခါးကိုလက်နဲ့ခြစ်ပြီး တအီအီအော်နေတာ၊ ကျွန်မတော့ စဉ်းစားမိပါတယ်။ သူလည်းတို့တစ်တွေနဲ့ရေစက်ဆုံဖို့ ကုသိုလ်နည်းနည်းပါခဲ့ဖူးတယ်နဲ့ တူပါတယ်။ အဲဒီခွေးကလေးမွေးပြီး နှစ်ပတ်လောက်မှာ သူ့အမေက သေသွားတာကြောင့် အဆောင်သူတွေအားလုံးက သူ့ကိုဝိုင်းပြီးစောင့်ရှောက်ထားရတယ်။ အားလုံးကလည်း သူ့ကိုချစ်ကြပါတယ်။ အရမ်းကြီး မရိုက်ကြ၊ မဆုံးမကြပါဘူး။ ကျွန်မအမေကလည်း ကျွန်မကိုဆုံးမဖူးပါတယ်။

'ကံ ကံ၏အကျိုးကို ယုံကြည်ရမယ်။ ယခုဘဝ တွေ့ခဲ့ကြုံခဲ့ရတာတွေ မှန်သမျှဟာ ရှေးဘဝကရေစက်ကြောင့်တဲ့။ ကိုယ့်အနီးဝန်းကျင်မှာနေတဲ့ တိရစ္ဆာန်တွေကို အရမ်းနာကျင်အောင် မဆုံးမရဘူး။ ရေငွေ့ပူတာတွေနဲ့ မပက်ရဘူး။ ကြိုးချည်ပြီး မရိုက်ရဘူး။ မညှင်းပန်းမနှိပ်စက်ရဘူး။ သူတို့ဟာ ရှေးရှေးဘဝတွေမှာ ကိုယ်နဲ့မနီးမဝေးမှာ ကျင်လည်ကျက်စားခဲ့တဲ့ သတ္တဝါတွေဖြစ်တယ်။ အယူမှားယွင်း ချွတ်ချော်တိမ်းစောင်းပြီး ဒီလိုဘဝမျိုးကို ရောက်နေကြရတယ်။ သူတို့ဟာ အရင်တုန်းက ကြီးကျယ်မြင့်မြတ်တဲ့သူတွေလည်း ဖြစ်နိုင်ကြတယ်။ ကုသိုလ်အရှိန်တွေလည်း ရှိနိုင်သေးတယ်။ တိရစ္ဆာန်ဆိုတာ အိပ်မယ်၊ စားမယ်၊ မေထုန်မှီဝဲမယ်ဆိုတဲ့ သုံးခုပဲသူတို့စိတ်ထဲမှာရှိတာ။ ကုသိုလ်တရားတွေပြုလုပ်ဖို့ မလွယ်တော့ဘူးဆိုတာကို ကြည့်ပြီးတော့ပဲ အကုသိုလ်တွေကိုရှောင်၊ ကုသိုလ်တရားတွေကိုသာ များများလုပ်နိုင်ဖို့ ကြိုးစားသွားရမယ်တဲ့။ တွေ့ကြုံကြုံ ခဏတာမှာ အတတ်နိုင်ဆုံး အဆင်ပြေအောင် ပေါင်းသင်းရမယ်'

တဲ့။ ကျွန်မ ဒီခွေးလေးကိုချစ်ပါတယ်။ အမေမရှိလို့ သနားလည်းသနားတယ်။ အင်း ကျွန်မလည်းတွေးတောရင်း ဟင်းချက်ဖို့စီစဉ်လိုက်တာ အခုဆို အာလူးတောင်ခွာပြီးသွားပြီ။ ကြက်ဥလည်းပြုတ်ပြီးလို့ ဟင်းစချက်တော့မယ်လို့ လုပ်တုန်းမှာပဲ-

'ချိုကြီးရေ ငါ့အိမ်ကကြောင်လာတဲ့ ကြက်သားကြော်တွေတော့ ကုန်ပါပြီ'

အခန်းကပ်လျက်အရှေ့ဘက် အခန်းက တရုတ်မရဲ့အသံ ကျွန်မလည်း အသံကြားတာနဲ့ အခန်းအပြင်ထွက်ကြည့်လိုက်တော့ ညကပြတင်းတံခါးဖွင့်ထားလို့ ပူစီဝင်စားသွားတာတဲ့။ ကျွန်မတို့ အဆောင်ဝန်ထမ်းတွေက အိမ်ကိုမကြာခဏပြန်ဖြစ်တဲ့အခါ အိမ်ကဟင်းကြော်လှော်လုပ်လာတာ များတယ်။ အဆောင်မှာဆိုရင် ဈေးဝယ်လိုက်၊ ကြော်လိုက်ချက်လိုက်နဲ့ ရှုံးသွားဖို့ ကသီတယ်လေ။ အကြော်အလှော်တွေ အိမ်ကပါလာရင် ဟင်းတစ်မျိုးထဲ ထပ်ချက်ရင်ရပြီပေါ့။ အခုတော့ သူအိမ်ကလုပ်လာတဲ့ ဟင်းတွေ (အသားတုနဲ့ ငါးခြောက်ကြော်ရယ်၊ ကြက်သားကြော်ရယ်) ရှိတာကို ကြက်



သားကြော်ကို ကြောင်စားသွားလို့စိတ်မကောင်းဖြစ်နေတာတွေ့ရတော့ ကျွန်မလည်း စိတ်မကောင်းဘူး။ ဒါနဲ့ သူ့အခန်းထဲက စားပွဲအောက်ပြုတ်ကျနေတဲ့ ဟင်းဖတ်တွေနဲ့ အရိုးတွေကို (ပူစီအသွားလို့ ကျန်ခဲ့တဲ့အရိုးတွေ) ကို ကောက်ယူရှင်းလင်းပေးပြီး ခွေးပေါက်ရဲ့စားပန်းကန်ထဲကို သွားထည့်ပေးလိုက်တာ မောင်မင်းကြီးသားက မြေကြီးမှာဝပ်ပြီးတော့တောင် အရိုးကိုက်နေလိုက်သေးတယ်။ တရုတ်မလည်း ဒီနေ့ရုံးကို ထမင်းထုပ်ဖို့ ဟင်းတစ်မျိုးထပ်ပြီး စဉ်းစားရတာပေါ့။ ချဉ်ပေါင်ရွက်ကလေးဝယ်ပြီးသား ရှိနေပေလို့သာ အဆင်ပြေသွားတယ်။ အိမ်ကပါလာတာ အသားတုနဲ့ ငါးခြောက်ကြော်လည်း ရှိသေးတယ်လေ။ ဒါပေမဲ့ တရုတ်မက စိတ်မကောင်းစွာနဲ့ ပြောသေးတယ်-

'ဒါနပြုရတယ်လို့ အောက်မေ့ပါတယ်'

တဲ့။ ပူစီကတော့ သူ့မနီးမဝေးမှာ သူအမြင်ကပ်အောင် စတိုင်ကျကျအိပ်ပြနေတာလေ။ အင်း ကျွန်မလည်း သူများကိစ္စနှင့် အချိန်တွေကုန်နေပြီ။ ဟင်းအမြန်ချက်ဦးမှဖြစ်မယ်။ လွန်ခဲ့တဲ့ ၃ ရက်လောက်ကပဲ ကျွန်မတို့တစ်တွေ ရုံးကမောမောပန်းပန်းနဲ့ ပြန်လာကာစရှိသေးတယ်။ တရုတ်မအခန်းရှေ့ကော်ရစ်တာမှာ ခွေးပေါက်စက အီးပါထားတယ်။ ရုံးပြန်တံခါးဖွင့်မလို့ ရှိသေး အမောကိုပြေသွားတာပဲ။ တစ်အော့အော့နဲ့ တစ်ဆောင်လုံးကိုဆူညံသွားတာပဲ။ ပြီးတော့ ကျွန်မပဲရှင်းလိုက်ရတယ်။ အမေစကားကို နားမထောင်ဘဲ တံခါးပိတ်ပြီး ရိုက်ချင်စိတ်တောင် ပေါက်လာတယ်။ ကျွန်မတွေးရင်းတောရင်း ဘုရားဆွမ်းခူး၊ ထမင်းချိုင့်ထည့်ပြီး ဒယ်အိုးနဲ့အိုးခွက်ပန်းကန်တွေကို အပြင်ဘက်ရေငုတ်မှာ သွားဆေးကြောနေတုန်းမှာပဲ ကျွန်မရဲ့ပဒုံးပေါ်ကို ထမင်းတုံးတစ်ခဲပြုတ်ကျလာလို့ မော့ကြည့်လိုက်တော့ ရွှေကျီးက သစ်ပင်ပေါ်မှာလေ။ ကျွန်မတို့ ပန်းကန်ဆေးတဲ့ ရေ ငုတ်ရဲ့အထက်မှာ

စာမျက်နှာ ၁၁ သို့ -

စာမျက်နှာ ၁၀ မှ -

တမာပင်ရှိတယ်။ အဲဒီပေါ်ကနေ သူမနိုင်တနိုင်ကိုက်ချီလာတဲ့ ထမင်းခဲပြုတ်ကျလာတာ၊ တို့တစ်တွေနဲ့ဆုံရမယ့် ရေစက်ထဲမှာ သူလည်းပါပုံရတယ်လို့ ကျွန်မတွေးမိတယ်။ ကျွန်မဘုရားဆွမ်းတော်ကို တိုတိုပဲကပ်လှူပြီးရင် ရေချိုးမယ်လို့ စဉ်းစားပြီးတော့ ခန်းဆီးလိုက်ကာကို လုံအောင်ဆွဲ၍ ဆွယ်တာအကျီကိုချွတ်ဖို့ အကျီကိုခါးမှ စမြှောက်နေစဉ်မှာပဲ ကျွန်မခန်းဆီးလိုက်ကာက လေလွင့်သလို အထဲဝင်လိုက် အပြင်ထွက်လိုက်နဲ့ ကျွန်မအကျီကိုမချွတ်သေးဘဲ အောက်ကိုပြန်ချပြီး လေလည်း မတိုက်ပါဘူး။ နေခင်းကြောင်တောင် သရဲခြောက်နေသလားမသိ။ မဖြစ်နိုင်ပါဘူးဆို ပြီး ဆွဲကြည့်လိုက်တော့ အဝတ်စလိုက်ကာမှာ လေးလေးကြီးပါလာတာကို တအံ့တသြနဲ့သေချာကြည့်လိုက်တော့ မောင်မင်းကြီးသား ခွေးပေါက်စဆော့နေတာ။ အဲဒါနဲ့ ဆူငေါက်ပြီး-

'အဲဒါကြောင့် မင်းကိုမနက်က မခင်လေးကတီးတာ နည်းတောင်နည်းသေးတယ်'

ဆိုပြီး ခြောက်လှန့်ရသေးတယ်။ အဲသလိုနဲ့ သူကိုအချိန်တွေပေးနေရတာကြောင့် ကဗျာကယာရေချိုးရတယ်။ သူငယ်ချင်းတွေလည်း ကျွန်မနဲ့အတူတူရေချိုးပြီးလို့ သနပ်ခါးလိမ်းနေကြတုန်း ကြားရပြန်ပါပြီ။ တရုတ်မရဲ့အသံ -

'စာတွေနော်၊ စာတွေ၊ ရေချိုးချိန် တခဏလေးအတွင်းမှာ ငါ့အိပ်ယာပေါ်ကို အမှိုက်တွေချထားခဲ့တယ်။ ငါတို့ရုံးကိုတောင် မသွားရသေးဘူး'

တဲ့ မှန်ပါသည်။ စာကလေးများသည် ကျွန်မတို့အခန်းထောင့် အုတ်နံရံများတွင် သူတို့ရဲ့အသိုက်အမြုံများကို မကြာခဏဆောက်လုပ်ခြင်းကြောင့် ဖြစ်ပါသည်။ ရုံးကပြန်လာတိုင်း အခန်းထဲရှိ စာမှိုက်များကိုရှင်းရသည်မှာ အခန်းတိုင်းနီးပါးပင်ဖြစ်ပါသည်။ သို့သော် တရုတ်မအခန်းလိုတော့ ရေချိုးသွားချိန်အတွင်း စာကလေးများရောက်မလာတတ်ပေ။ ရေချိုးသနပ်ခါးလူးပြီးလို့ နံနက်စာစားနေရင်းမှာပဲ နောက်ထပ်တစ်ခါကြားရပြန်ပါပြီ။ ကိန် . . . ကိန်. . . ကိန်. . . ဟော ဘာဖြစ်ပြန်ပါလိမ့်ဆိုတော့ တရုတ်မက-

'တို့ဘော်ဘော်အဆောင်က တစ်တောင်လောက်နက်တဲ့ မြောင်းထဲကျသွားတာ မတက်နိုင်လို့'

တဲ့။ တော်သေးတာပေါ့။ မြောင်းထဲမှာရေမရှိလို့ပေါ့ရှင်။ ကျွန်မထမင်းပန်းကန်ကိုတောင် မဆေးနိုင်ဘူး။ သူ့ကိုဆွဲပြီး မြေပေါ်တင်ပေးရသေးတယ်။ ပြီးမှ လုပ်စရာရှိတာတွေလုပ်ပြီး ရုံးကိုထွက်ခဲ့ပါတော့တယ်။ ရုံးကိုအသွားလမ်းမှာလည်း ဒီနေ့ဘယ်လိုရေစက်ရှင်တွေနဲ့ အတူလုပ်ကိုင်ပြီး ဘယ်လိုရုံးကိစ္စတွေကိုဆောင်ရွက်ရမလဲဆိုတာကို စဉ်းစားမိခဲ့ပါသေးတယ်။ ဒီလိုနဲ့ ကျွန်မရုံးတွင် တစ်နေ့တာတာဝန်များကို ထမ်းဆောင်အပြီးပြန်လာခဲ့ပါတယ်။

ရုံးပြန် အဆောင်ရောက်ချိန် လုပ်ငန်းကိစ္စအဝဝကို သူငယ်ချင်းတွေနဲ့ဝိုင်းဖွဲ့ပြီး ပျော်ပျော်ပါးပါးထမင်းစား၍ ကျွန်မတို့တစ်တွေရုံးမှာ တွေ့ကြုံခဲ့ကြရတဲ့ အလုပ်အကြောင်း၊ အတွေ့အကြုံ (အမေပြောတဲ့ရေစက်ဆုံတဲ့သူတွေရော၊ ရေစက်စင်တဲ့သူတွေရော) အားလုံးနဲ့ လုပ်ကိုင်ခဲ့ရတာတွေကို ပြောဆိုရယ်မောကြရပါတယ်။ ကဲ အခုဆိုရင် ဘုရားရှိခိုးညအိပ်ယာဝင်ဖို့ အချိန် ရောက်လာလို့ သူငယ်ချင်းတွေကို ကျွန်မနှုတ်ဆက်ပြီး၊ နံနက်ကပြုခဲ့တဲ့ ကုသိုလ်တွေကိုပါ ညမှပေါင်းပြီး အမျှဝေရပါတယ်။ ပြီးလျှင် အမေ့ကိုရည်မှန်းပြီး ဦးချလိုက်ပါတယ်။

ဒီနေ့ နံနက် ၅ နာရီမှစ၍ တစ်နေကုန်စက်ရုပ်ပမာ လှုပ်ရှားလုပ်ကိုင်တွေ့ကြုံခဲ့ရတဲ့အဖြစ်တွေကို အမေ့ကိုပြောပြချင်စမ်းပါဘိ။ အခု အမေသာကျွန်မနားမှာရှိရင် ဘယ်သူတွေနဲ့ ဘယ်နေရာမှာကြုံထိုက်လို့ကြုံ၊ တွေ့ထိုက်လို့တွေ့ သူငယ်ချင်းညီမတွေနဲ့လည်း တွေ့ထိုက်လို့ဆုံရတာ သမီး။ တိရစ္ဆာန်တွေဆိုရင်လည်း ဒီလိုပါပဲ။ ရှေးရှေးဘဝကရေစက်တွေ၊ ကုသိုလ်တွေကြောင့် တွေ့ကြရတာ။ 'တွေ့ကြကြုံကြ တခဏမှာ အဆင်ပြေအောင် ပေါင်းသင်းရမယ်လို့' ပြောဦးမည်ဟု ထင်ပါသည်။ ကျွန်မတို့မြတ်စွာဘုရားရှင် သက်ရှိထင်ရှားရှိနေခဲ့ပါလျှင်လည်း ဘယ်ဘဝကရေစက်တွေကြောင့်များ ဒီမှာဆုံကြရသလဲလို့ ကျွန်မမေးလျှောက်မိမည်မှာကတော့ အသေအချာပါပဲရှင်။

**ချိုကြီး (ပခုက္ကူ)**

စာမျက်နှာ ၉ မှ -

တယ်။ ထို့အတူ ဆရာကောင်းနဲ့ကြုံဆုံခဲ့ရမယ်။ ကလျာဏမိတ္တဆိုတဲ့ မိတ်ဆွေကောင်းလည်းပေါများမယ်။ တရားအားထုတ်ရာမှာလည်း ဆရာကောင်းသမားကောင်းတွေဆီက နည်းခံယူရမယ်ဆိုရင် လောကီ၊ လောကုတ္တရာမှာ အောင်မြင်နေမှာဖြစ်ပါတယ်။

ကိုယ့်ရဲ့ဘဝလက်တွဲဖော်၊ ပါရမီဖြည့်ဘက်ကလည်း ဥပနိဿယပစ္စည်းပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ဘဝကို ထောင်တက်သွားစေနိုင်သလို စိုက်ဆင်းသွားအောင်လည်း စွမ်းနိုင်လို့ပါပဲ။ မြတ်စွာဘုရားရှင်က မင်္ဂလသုတ်မှာဟောကြားထားသလို 'အာသေဝနာစဗာလာနံ၊ ပဏ္ဍိတာနဉ္စသေဝနာ' ဆိုသလို၊ ကိုယ်နဲ့နီးစပ်ချဉ်းကပ်တဲ့ပုဂ္ဂိုလ်ပေါ်မူတည်ပြီး ကုသိုလ်၊ အကုသိုလ်၊ အဗျာကတတွေရရှိမှာဖြစ်ပါတယ်။

ကိုယ့်အနားမှာပဲဖြစ်ဖြစ်၊ အဝေးမှာပဲဖြစ်ဖြစ် ကိုယ့်အပေါ်ကိုသက်ရောက်မှုကြီးကြီးမားမားရှိတဲ့ပုဂ္ဂိုလ်ဟာ ဥပနိဿယပစ္စည်းပါပဲ။ သဗ္ဗညုတဉာဏ်တော်ရှင် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကတော့ ဥပနိဿယ အထိုက်ဆုံးပုဂ္ဂိုလ်ဖြစ်ပါတယ်။ အခါတစ်ပါးမှာ အရှင်အာနန္ဒာ က 'သူတော်ကောင်းတွေဆီမှာမှီခိုဆည်းကပ်ရတာ အကျိုးတစ်ဝက်ပြီးစီးပါတယ်ဘုရား' လို့ မြတ်စွာဘုရားရှင်ကို လျှောက်ထားပါတယ်။

ထိုအခါ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက 'ချစ်သားအာနန္ဒာ ဒီလိုမပြောနဲ့။ အခုငါဘုရားတည်းဟူသော သူတော်ကောင်းကိုဆည်းကပ်ခွင့်ရလို့ သံသရာတစ်လျှောက်လုံး အို၊ နာ၊ သေရမယ့်သူတွေမသေရတော့ဘူး။ အရဟတ္တမဂ်ဖိုရ်ရပြီး ပရိနိဗ္ဗာန်စံကြတယ်။ ဒါ ငါဘုရားနဲ့ပေါင်းလို့ပဲ။ ငါဘုရားနဲ့သာ မပေါင်းရင် တစ်ခုမှဖြစ်မှာမဟုတ်ဘူး။ ချစ်သားအာနန္ဒာ 'သူတော်ကောင်းနဲ့သာပေါင်းရရင် ကုသိုလ်တွေကတစ်ဝက်မကဘူး။ အကုန်ရပါတယ်။ အလုံးစုံအပြည့်အဝအကျိုးစီးပွားပြည့်မြောက်စေတယ်' လို့ မိန့်တော်မူပါတယ်။ စာဖတ်သူများလည်း ယခုဘဝအောင်မြင်ရာ၊ တိုးတက်ကြောင်းအတွက်နဲ့ နောင်သံသရာအဆက်ဆက်အတွက် အားကြီးသောတည်ရာမှီရာ (ဥပနိဿယပစ္စည်း) ရှာမယ်ဆိုရင် 'အတုမရှိ ဗုဒ္ဓမြတ်စွာ' သည်သာ ဥပနိဿယ အထိုက်ဆုံးဖြစ်ပါကြောင်း စကားလက်ဆောင်ပါးရင်းနိဂုံးချုပ်ပါရစေ။

**'ဗုဒ္ဓေါမေသရဏံ၊ ညေံနိတ္တိပါဘုရား'**

မှတ်ချက်။ ဥပနိဿယပစ္စည်းဟာ အနက်အဓိပ္ပာယ်နက်ရှိုင်းကျယ်ဝန်းလွန်းတာမို့ ဆောင်းပါးတစ်ပုဒ်တည်းနဲ့ ခြုံငုံလို့လောက်ဖို့မဖြစ်နိုင်ပါဘူး။ အနက်အဓိပ္ပာယ်၊ အကောက်အယူအလွဲများ ယွင်းချွတ်ချော်တိမ်းစောင်းမှုများရှိပါက ဝေဖန်ထောက်ပြပြင်ဆင်ပေးကြပါလို့ တောင်းပန်ပါရစေခင်ဗျား။

ကျမ်းကိုး

(၁) အခြေပြုပဋ္ဌာန်းတရားတော် - အရှင်ဇနကာဘိဝံသ

(၂) နယသာဂရပဋ္ဌာန်းတရားတော် - စိန်လင်း (ခွဲစိတ်နှင့်ကင်ဆာပါရဂူ)


*The Golden Industrial Journal*

**အတိုင်ပင်ခံအယ်ဒီတာ**
ဒေါ်ခင်မာရီ
**အယ်ဒီတာချုပ်**
ဦးအောင်စိုးရ
**အယ်ဒီတာ**
ဦးခင်မောင်သိန်း
ဦးအောင်မျိုးခိုင်
ဦးသောင်းဦး
ဦးကျော်လှိုင်

**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**
ဒေါ်သစ်သစ်အောင်
**ကွန်ပျူတာစာစီ**
ဒေါ်နှင်းသီတာ
**ထုတ်ဝေသူ**
ဦးအောင်စိုးရ
မှတ်ပုံတင်အမှတ်–၀၄၆၅၉

**ပြန့်ချီရေး**
စက်မှုဝန်ကြီးဌာန
**ပုံနှိပ်တိုက်**
ရွှေနိုင်ငံ
**စောင်ရေ**
၆၇၃၀
**တန်ဖိုး**
၂၀၀ ကျပ်

**ဂျာနယ်တိုက်လိပ်စာ**
ရုံးအမှတ် (၃၀)
စက်မှုဝန်ကြီးဌာန
နေပြည်တော်။
ဖုန်း – ၀၆၇ – ၄၀၅၀၅၁
E-mail
shwesethmu@gmail.com

# မိမိကိုယ်မိမိ ဘယ်လိုရောင်းမလဲ (၄)

(ယခုအပိုင်း - ၄ ကို ဆက်လက်ဖော်ပြအပ်ပါသည်။)

**4. Damaging your 'Good' Image**

မိမိရဲ့ Good Image ကို ပိုမိုကောင်းမွန်အောင်လုပ်ရင်း မိမိကိုယ်မိမိတိုးတက်အောင်လုပ်ဆောင်နေကြတဲ့ စီမံခန့်ခွဲသူတွေဟာ မိမိရဲ့လမ်းကြောင်းကနေ သွေဖီမသွားဖို့လိုအပ်ပါတယ်။ သေးငယ်တဲ့အပြုအမူမျိုးဖြစ်ပေမဲ့ နေ့တိုင်းသတိထားမိနိုင်တဲ့အပြုအမူမျိုးတွေ အဖွဲ့အစည်းတိုင်းမှာ နေ့စဉ်တွေ့ရှိနိုင်ပါတယ်။ စီမံခန့်ခွဲသူတွေအနေနဲ့ ဘယ်လိုအပြုအမူတွေဟာ အများလက်မခံနိုင်သလဲဆိုတာကိုသိရှိပြီး မိမိရဲ့ Good Image ကို ပျက်စီးစေတဲ့အချက်တွေကို မလွဲမသွေရှောင်ရှားဖို့လိုအပ်ပါတယ်။ Good Image ဟာ အလွန်ပဲထိလွယ်ရှလွယ်ပါတယ်။ အလွယ်တကူပျက်စီးနိုင်ပေမယ့် ပြန်လည်ပြုပြင်ဖို့အတွက်ခက်ခဲသလို အချိန်လည်းယူရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာတော့ Good Image ကိုပျက်စီးစေတဲ့ အပြုအမူတွေကို ဖော်ပြထားပါတယ်။

**Gossip - အတင်းပြောခြင်း**

သင့်အနေနဲ့ အနည်းငယ်မျှသောအတင်းပြောခြင်းဟာ အခြားလူတွေရဲ့အလုပ်ကိုသိချင်တဲ့သူတွေရဲ့ ချစ်ခင်မှုကိုရနိုင်တယ်လို့ ထင်ကောင်းထင်နိုင်ပါတယ်။ အဲဒီလိုလူမျိုးတွေက သင့်ကိုလျှို့ဝှက်ချက်တွေ ပြောပြခြင်းဟာ သင့်ဆီကနေတစ်ခုခုကို ပြန်သိချင်လို့ပဲဖြစ်ပါတယ်။



အခြားသူတစ်ယောက်ရဲ့အကြောင်းကို သူတို့နဲ့ဆွေးနွေးခြင်း၊ အတင်းပြောခြင်းဟာ အတင်းပြောခံရသူကို မလေးစားတာပါပဲ။

အတင်းပြောခြင်းဟာ အဖွဲ့အစည်းအတွင်းမှာ တိတ်တဆိတ်ပျက်စီးစေတတ်တဲ့ ရောဂါမျိုးပဲဖြစ်ပါတယ်။ အဖွဲ့အစည်းအတွင်းမှာ အချင်းချင်းမသင့်တော်တဲ့ နာမည်တပ်ခြင်း၊ မကောင်းသတင်းလွှင့်ခြင်း၊ စိုးရိမ်ရလောက်တဲ့ မညီညွတ်မှုတွေကိုဖြစ်စေခြင်း၊ လူတွေကို စိတ်အားလျော့စေပြီး အဖွဲ့အစည်းကိုဆန့်ကျင်တာမျိုးတွေဖြစ်စေတတ်ပါတယ်။

အတင်းပြောတတ်တဲ့သူတွေအပေါ်မှာ လူတွေက ဘယ်တော့မှယုံကြည်မှုမရှိတတ်ကြသလို အဲဒီလူမှာလည်း Good Image မရှိတတ်ကြပါဘူး။ ဒါကြောင့် အတင်းပြောခြင်းဟာလည်း မိမိရဲ့ Good Image ကို ပျက်စီးစေတဲ့ အဓိကအကြောင်းရင်းတစ်ခုပဲဖြစ်တာမို့ အထူးသတိပြုရှောင်ကြဉ်သင့်ပါတယ်။

**Correcting Team Members Publicly- မိမိအဖွဲ့ဝင်တွေကို လူပုံအလယ်မှာ အမှားထောက်ပြင်ဆင်ခိုင်းခြင်း**

သင့်အပေါ် မလေးစားမှုကိုဖြစ်စေတဲ့ အချက်တစ်ခုကတော့ မိမိအလုပ်ကိုလုပ်ပေးတဲ့သူတွေကို အခြားသူတွေ မြင်နိုင်ကြားနိုင်တဲ့နေရာမှာ အမှားထောက်ပြပြီး ပြင်ဆင်ခိုင်းခြင်းပဲဖြစ်ပါတယ်။ အရေးမကြီးတဲ့အရာတွေကို ပြင်ဆင်ခိုင်းခြင်းဖြစ်စေကာမူ အခြားသူတွေရှေ့မှာဖြစ်ခဲ့မယ်ဆိုရင် အပြောခံရသူမှာ အကြီးအကျယ်အရှက်ရခြင်း၊ သိမ်ငယ်စေခြင်းမျိုးဖြစ်စေတတ်ပါတယ်။ အမှားပြင်ခိုင်းတဲ့ပုံစံဟာ ဟာသနှောတဲ့ပုံစံဖြစ်နေရင်တောင်မှ အများရှေ့မှာဖြစ်ခဲ့မယ်ဆိုရင် အပြောခံရတဲ့သူမှာနာကျင်မှုတော့ ခံစားရမှာပဲဖြစ်ပါတယ်။

လူအများရှေ့မှာ အမှားပြင်ခိုင်းခြင်းခံရတဲ့သူဟာ



သူ့ရဲ့ Image ကိုပျက်စီးစေတာကြောင့် စိတ်မကောင်းဖြစ်သွားတတ်ပါတယ်။ အဲဒီလိုပြောလိုက်ခြင်းဖြင့် သင်ဟာ အဲဒီလူအပေါ်ကို လုံးဝလေးစားမှုမရှိဘူးဆိုတာကို လူအများရှေ့မှာ ပြသလိုက်သလိုဖြစ်စေပါတယ်။ ကျွန်ုပ်တို့သိတဲ့အတိုင်း လေးစားမှုဆိုတာအပြန်အလှန်သဘာဝရှိတာကြောင့် အဲဒီလူကလည်း သင့်အပေါ်မှာ လေးစားမှုရှိမှာမဟုတ်တော့ပါဘူး။

အမှားပြင်ဆင်မှုဟာ အကြောင်းအရင်းခိုင်လုံတယ်ဆိုရင်တောင်မှ လူအများရှေ့မှာပြောခံရသူဟာ နှစ်သက်မှာမဟုတ်သလို သင့်ရဲ့ Image ကိုပါ ထိခိုက်စေပါတယ်။ ဘာကြောင့်လဲဆိုတော့ သင်တို့ရဲ့ပြောဆိုမှုကိုကြားရတဲ့ အခြားသူတွေက သင်ဟာဆင်ခြင်မှုမရှိဘူး၊ နားလည်မှုမရှိဘူး၊ နှလုံးသားမရှိဘူးလို့ ထင်သွားနိုင်လို့ပါပဲ။ တကယ်လို့ သင့်ရဲ့အထက်အရာရှိသာ ကြားသွားမယ်ဆိုရင် သူတို့အနေနဲ့ သင့်ကိုပြင်ဆင်ဖို့လိုအပ်တယ်လို့ ခံစားနိုင်စေပြီး သင့်ကြောင့် သူတို့အနေနဲ့ အရှက်ရစေတယ်လို့ ထင်သွားစေနိုင်ပါတယ်။ ပြီးတော့ သင့်ရဲ့ Image အပေါ် မှာလည်း စိတ်ပျက်သွားစေပါတယ်။ ဒါကြောင့် လူတစ်ယောက်ရဲ့ အမှားကို ထောက်ပြပြင်ဆင်ခိုင်းမယ်ဆိုရင် အခြားသူတစ်ယောက်ယောက်ရဲ့ရှေ့ (သို့) လူအများရဲ့ ရှေ့မှာ မပြောဆိုသင့်ပါဘူး။

**Using profane or coarse language - မထီမဲ့မြင်စကားမျိုး (သို့) ရိုင်းပျသောစကားမျိုးအသုံးပြုခြင်း**

ကိုယ်အမူအရာဖြင့် မဖော်ပြသော်လည်း ဆဲဆိုပြောဆိုခြင်း၊ ကြမ်းတမ်းရိုင်းပျသောစကားဖြင့် ပြောဆိုခြင်းဟာ အပြောခံရသူတွေအတွက် များစွာစိတ်မကျေနပ်မှုကိုဖြစ်စေပါတယ်။ မိမိရဲ့လုပ်ဖော်ကိုင်ဖက်တွေနဲ့ အဲဒီလိုစကားမျိုး ပြောဆိုတတ်တဲ့သူတွေအနေနဲ့တောင်မှ သင်



ဟာ သူတို့ရဲ့အထက်လူကြီးတစ်ယောက်အနေနဲ့ ဒီလိုစကားမျိုးတွေပြောမယ်ဆိုရင် သင့်အပေါ်ကိုလေးစားမှုရှိမှာမဟုတ်ပါဘူး။

ဒီလိုမျိုးစကားတွေဟာ သင့်ရဲ့ Image ကို ပျက်စီးစေနိုင်တာကြောင့် ရှောင်ကြဉ်သင့်ပါတယ်။

**Complaining - တိုင်တန်းခြင်း**

နှစ်ဦးနှစ်ဘက်အကျိုးသက်ရောက်စေမယ့် အကြောင်းအရာတစ်ခုအတွက် သင့်အနေနဲ့တိုင်တန်းတဲ့အခါမှာသင့်အနေနဲ့ သူတို့လည်း ငါနဲ့အမြင်တူမှာပဲဆိုပြီး ယူဆထားတတ်ကြပါတယ်။ တကယ်လို့ သူတို့မှာသင်နဲ့အမြင်မတူခဲ့ဘူးဆိုရင် သင့်ရဲ့ယူဆချက်ဟာ သူတို့ကိုစိတ်အနှောင့်အယှက်ဖြစ်စေပါလိမ့်မယ်။ သို့မဟုတ်တောင် သူတို့အနေနဲ့ စိတ်ဆိုးမှာအမှန်ပါပဲ။ အကြောင်းအရာအမျိုးမျိုးအတွက် ထပ်ခါထပ်ခါတိုင်တန်းခြင်းဟာ အလွန်စိတ်အနှောင့်အယှက်ဖြစ်စရာ ကောင်းပါတယ်။ အကြောင်းအရာအမျိုးမျိုးအတွက် သင့်ရဲ့အမြင်ပေါ်မှာ သူတို့တွေလက်ခံလာမှာပဲဆိုတဲ့ ထပ်ခါထပ်ခါမျှော်လင့်




ချက်ထားခြင်းဟာ သင့်အနေနဲ့ သူတို့ရဲ့ကိုယ်ပိုင်အမြင်၊ သူတို့ရဲ့သဘောထားအပေါ် မစဉ်းစားဘူးလို့ ထင်မြင်စေပါတယ်။

အမြဲတမ်းတိုင်တန်းခြင်းဟာ အခြားသူတွေကို မလေးစားခြင်းဖြင့် စိတ်အနှောင့်အယှက်ဖြစ်စေရုံသာမက သင့်ရဲ့ Image ကိုပါထိခိုက်စေပါတယ်။

**Politics/religion/etc. - နိုင်ငံရေး / ဘာသာရေးအမြင်နှင့်ပတ်သက်၍ ပြောဆိုခြင်း**

အချို့သောလူတွေဟာ သူတို့ရဲ့ဘာသာရေးယုံကြည်မှု၊ နိုင်ငံရေး၊ လူမျိုးရေး စတာတွေနဲ့ပတ်သက်တဲ့ သူတို့ရဲ့ခံစားမှုတွေကို ဖုံးကွယ်ထားကောင်းထားနိုင်ပါတယ်။ သူတို့ရဲ့ယူဆချက်တွေဟာ သူတို့အတွက်အလွန်အရေးကြီးပါတယ်။ ဒါကြောင့် သူတို့ရဲ့အမြင်တွေအပေါ် ငြင်းခုန်ခြင်း၊ ဆိုးရွားစွာတိုက်ခိုက်ပြောဆိုခြင်းတွေဟာ သူတို့မသိလိုက်ရင်တောင်မှ သူတို့ကိုစော်ကားပုတ်ခတ်ခြင်းပါပဲ။

သူတို့ရဲ့အမြင်တွေကို ပွင့်ပွင့်လင်းလင်းဆွေးနွေးတတ်တဲ့သူတွေတောင်မှ သူတို့အမြင်နဲ့ဆန့်ကျင်မှုမျိုး၊



မတူညီတဲ့ရှုထောင့်တွေနဲ့ သင်ပြောတဲ့အခါမှာ တိုက်ခိုက်မှုမျိုးတွေဖြစ်နိုင်ပါတယ်။ သင့်ရဲ့ ဆန့်ကျင်ဘက်အမြင်ဟာ သူတို့ကိုကိုယ်ရေးကိုယ်တာ တိုက်ခိုက်မှုမျိုးဖြစ်တယ်လို့ ထင်စေနိုင်ပါတယ်။

ပြောဆိုတဲ့အချိန်အတွင်းမှာ သင့်အနေနဲ့ သူတို့ရဲ့အမြင်တွေအပေါ် လေးစားတယ်ဆိုတာမျိုးကို ဖော်ပြကောင်းဖော်ပြနိုင်ပေမယ့် တစ်ချိန်တည်းမှာ သူတို့ကိုဆန့်ကျင်တာမျိုးပြောခဲ့မယ်ဆိုရင် သူတို့ရဲ့သဘောကျမှုကို မရရှိနိုင်ပါဘူး။ အဖွဲ့အစည်းအများစုမှာ ဒီအကြောင်း

စာမျက်နှာ ၁၃ သို့ -

စာမျက်နှာ ၁၂ မှ -

အရာတွေနဲ့ပတ်သက်တဲ့ အမြင်တွေဟာ အလုပ်လုပ်တာနဲ့ပတ်သက်ပြီး ဆက်စပ်မှုမရှိပါဘူး။

ဒါကြောင့် ဒီလိုအကြောင်းအရာတွေနဲ့ပတ်သက်ပြီး ပြောဆိုရာမှာ သတိထားဖို့လိုအပ်ပါတယ်။

**Having favourites - မျက်နှာသာပေးခြင်း**

ဒါဟာ သင့်လက်အောက်မှာရှိတဲ့ Team members တွေနဲ့ပတ်သက်လို့ အလွန်အရေးကြီးတဲ့ ပြဿနာပဲဖြစ်ပါတယ်။ လူတစ်ချို့ကို အခြားသူတွေထက် ပိုသဘောကျပြီး ဦးစားပေးတတ်တာဟာ လူ့သဘာဝတစ်ခုပဲဖြစ်ပါတယ်။ ဒါပေမဲ့ အဖွဲ့အစည်းအတွင်းမှာ မျက်နှာသာပေးခြင်းကို ပြသခြင်းဟာ တန်ပြန်ဖြစ်တတ်ပါတယ်။ လူကြားထဲမှာ မျက်နှာသာပေးခြင်းမခံရတဲ့သူအနေနဲ့ သင့်ရဲ့ဘက်လိုက်မှုကြောင့် သူတို့ဟာ အကျိုးမရှိဘူးလို့ထင်ပါလိမ့်



မယ်။ သူတို့အနေနဲ့ မနာလိုမှုတွေကိုလည်း ခံစားရနိုင်ပါတယ်။ မလိုအပ်တဲ့ အပြုအမူတွေလည်း သင့်ရဲ့ဝန်ထမ်းတွေကြားထဲမှာ ဖြစ်လာနိုင်ပါတယ်။ ဒါ့အပြင် သင့်ရဲ့ Image ကိုပါပျက်စီးစေပါတယ်။ တကယ်လို့ ဝန်ထမ်းအချို့အပေါ်သဘောကျပြီး မျက်နှာသာပေးချင်တယ်ဆိုရင်တောင် သင့်အနေနဲ့ ဖုံးကွယ်ထားသင့်ပြီး သင့်ရဲ့Team members တွေ အားလုံးအပေါ် တပြေးညီမျှမျှတတ ဆက်ဆံသင့်ပါတယ်။

ဒါပေမဲ့ အဖွဲ့အစည်းရဲ့အကျိုးနဲ့ပတ်သက်ပြီး အချို့သူတွေဟာ အများနဲ့မတူဆောင်ရွက်ခဲ့တာမျိုးရှိခဲ့ရင် သင့်အနေနဲ့ မျက်နှာသာပေးသင့်တာမျိုးရှိနိုင်ပါတယ်။ အဲဒီလိုအခါမျိုးမှာတော့ သင့်ရဲ့သဘောကျမှုဟာ သူတို့ရဲ့ ဆောင်ရွက်မှုပေါ်မူတည်ပြီး အများရှေ့မှာထုတ်ဖော်ပြတာမျိုးဖြစ်သင့်ပါတယ်။ ပြီးတော့ အဲဒီလိုတစ်ဦးချင်းအပေါ်သဘောကျမှုဟာ သင့်ရဲ့ကိုယ်ရေးကိုယ်တာကြောင့်မဟုတ်ဘဲ အဖွဲ့အစည်းအတွက် ဆောင်ရွက်ခဲ့တာကြောင့်ဖြစ်ကြောင်း သင့်ရဲ့ဝန်ထမ်းတွေကို သိစေသင့်ပါတယ်။ ပြီးတော့ သင့်ရဲ့သဘောကျမှုဟာ အလုပ်ကို ကောင်းမွန်စွာလုပ်ဆောင်သူအပေါ် ညီတူညီမျှရှိတယ်ဆိုတာကိုလည်း ရှင်းရှင်းလင်းလင်းသိထားစေသင့်ပါတယ်။

**Losing your temper - ဒေါသထွက်လွယ်ခြင်း**

ဒေါသထွက်လွယ်ခြင်းဟာ မိမိရဲ့ Good Image ကို များစွာထိခိုက်စေပြီး သင့်ရဲ့စိတ်ကိုမထိန်းချုပ်နိုင်ဘူးဆိုတာကို ပြသပါတယ်။ စီမံခန့်ခွဲသူတစ်ယောက်ရဲ့ မိမိရဲ့စိတ်ကို မထိန်းချုပ်နိုင်ခြင်းဟာ အားနည်းခြင်း၊ စိတ်ထားမပြည့်ဝခြင်း၊ စိတ်ခံစားမှုပေါ်မူတည်ပြီး ဆုံးဖြတ်ချက်ချ



တတ်ခြင်းစသည်ဖြင့် ထင်မြင်စေပါတယ်။

စိတ်ကောက်ခြင်း၊ စိတ်အလိုမကျဖြစ်ခြင်း၊ ကျိန်ဆိုခြင်း၊ တံခါးများကို ပြင်းထန်စွာပိတ်ခြင်းဖွင့်ခြင်း၊ ခုံကိုထုနှက်ခြင်း၊ ဝန်ထမ်းများအား အော်ဟစ်ခြင်းစတာတွေဟာ မရင့်ကျက်တဲ့အပြုအမူတွေဖြစ်ပြီး သင့်ရဲ့စိတ်ကို လုံးဝမထိန်းချုပ်နိုင်ဘူးဆိုတာကို ပြသရာရောက်ပါတယ်။ အဲဒီလိုအပြုအမူတွေဟာ စီမံခန့်ခွဲသူတွေ၊ မန်နေဂျာနဲ့ကြီးကြပ်သူတွေရဲ့ Image အပေါ် ဆိုးရွားစွာထိခိုက်စေပါတယ်။

**Drugs and Alcohol - မူးယစ်ဆေးဝါးနှင့်အရက်**

မူးယစ်ဆေးဝါးသုံးစွဲခြင်းဟာ အဖွဲ့အစည်းအတွင်းမှာရော လူ့အဖွဲ့အစည်းအတွင်းမှာပါ လုံးဝလက်မခံနိုင်တဲ့အချက်ဖြစ်ပြီး ဥပဒေနဲ့လည်းမညီညွတ်ပါဘူး။

အရက်သောက်သုံးခြင်းဟာ အဖွဲ့အစည်းနဲ့ပတ်သက်တဲ့ယဉ်ကျေးမှုမှာတော့ လက်ခံနိုင်တဲ့အချက်ဖြစ်ပေမဲ့ အလုပ်ချိန်အတွင်းမှာရှောင်သင့်တဲ့အရာဖြစ်ပါတယ်။ အဖွဲ့အစည်းအများစုဟာ အလုပ်နေရာနဲ့နေ့လယ်စာစားသောက်ချိန်အတွင်းမှာ အရက်သောက်ခြင်းကို တားမြစ်ထားကြပါတယ်။ စီမံခန့်ခွဲသူတွေအနေနဲ့ စံပြအဖြစ်နေကြသူတွေဖြစ်တာမို့ အလုပ်ခွင်မှာ အရက်သောက်ခြင်းကို လုံးဝရှောင်ကြဉ်ရပါမယ်။

ဒါကြောင့် အရက်သောက်ခြင်းကိုချုပ်တည်းပြီး မိမိရဲ့





Image ဖြစ်တဲ့ မိမိကိုယ်မိမိထိန်းချုပ်နိုင်ခြင်းနဲ့ ရင့်ကျက်ခြင်းကိုတည်ဆောက်သင့်ပါတယ်။

သင့်အနေနဲ့ မိမိရဲ့ Good Image ကို မပျက်စီးစေရန်အတွက် အထက်ကဖော်ပြခဲ့တဲ့ အချက်တွေထဲကတစ်ခုခုကို မိမိပြုလုပ်မိပြီလားဆိုတာ ဆန်းစစ်ပြီးပြင်ဆင်ခြင်းဖြင့် မိမိရဲ့ Good Image ကို ထိန်းသိမ်းနိုင်ကြမည်ဖြစ်ပါတယ်။

**ရွှေပြည်သူ**

ဆက်လက်ဖော်ပြပါဦးမည်. . .

ကိုးကား **"How to Sell Yourself " by RayGrose**



## နမြောစရာကြီး



ကိုရန်ရှင်းတစ်ယောက် အလုပ်ကိစ္စနဲ့ရန်ကုန်ကို ခရီးထွက်ရပါတယ်။ မကွေး-ရန်ကုန် ပြေးဆွဲတဲ့ကားပေါ်မှာ သူနဲ့ ဘေးချင်းကပ်ထိုင်ခုံက ခရီးသည်က ဆေးလိပ်သောက်နေလေရဲ့။ ကိုရန်ရှင်းကတော့ မွေးကတည်းက ဆေးလိပ် မသောက်တတ်တော့ -

‘အစ်ကိုကြီး ဆေးလိပ်သောက်တာ ဘယ်လိုခံစားရလဲ’

လို့မေးလိုက်ရာ ဘေးကခရီးသည်က-

‘အရသာတစ်မျိုးရှိတယ်ကွ’

လို့ပြန်ဖြေပါတယ်။ ဒီအခါ ကိုရန်ရှင်းပြောလိုက်ပုံကတော့-

‘ဒါဆိုလည်း အစ်ကိုကြီးရာ. . . အရသာရှိတဲ့ဆေးလိပ်ကို ဘာဖြစ်လို့မီးရှို့ပစ်ရတာလဲ။ နမြောစရာကြီး. . . တစ်ခါတည်း ဝါးစားလိုက်ရင်ပိုပြီးအရသာရှိမှာပေါ့’ တဲ့ဟူသတတ်။

## မြွေပွေး

မြွေဆိပ်ဖြေဆေးထုတ်လုပ်တဲ့ ကုမ္ပဏီကြီးတစ်ခုက ဝန်ထမ်းအသစ်ခန့်ဖို့အတွက် ခေါ်ယူစစ်ဆေးရာမှာ ကုမ္ပဏီမန်နေဂျာနဲ့ ဝန်ထမ်းလုပ်လိုတဲ့ ကိုမှတ်ကြီးတို့ လူတွေ့စစ်ဆေး မေးမြန်းဖြေဆိုနေကြပုံက -



‘ကိုမှတ်ကြီး ခင်ဗျားအင်္ဂလိပ်စာကျွမ်းကျင်ရဲ့လား’

‘ဟုတ်ကဲ့ ကျွမ်းကျင်ပါတယ်ဆရာ’

‘မြွေပွေးကို ဘယ်လိုခေါ်လဲဗျ’

‘မနောက်ပါနဲ့ဆရာရယ်။ မြွေပွေးကိုခေါ်တတ်မှတော့ နေ့တိုင်းခေါ်ဖမ်းပြီး ဆရာတို့ကုမ္ပဏီကို မြွေပွေးတွေပဲရောင်းစားနေတော့မှာပေ့ါ။ အလုပ်လာလျှောက်စရာတောင် မလိုတော့ဘူး’

ကဲ ကောင်းရော။

## မသိလို့ပါ ကိုရွှေသာ

ကိုရွှေသာနေထိုင်တဲ့ရွာကကျယ်တော့ ရွာတောင်ပိုင်း နဲ့ရွာမြောက်ပိုင်းလို့ ခွဲသတ်မှတ်ထားပါတယ်။ ကိုရွှေသာတို့သူငယ်ချင်းနှစ်ယောက် ထုံးစံအတိုင်း နေညိုချိန်ရောက်ရင် လေခိုလာကြပြီ။ အဲဒီတော့ လေခိုတာကိုစိုပြည်လာဖို့ ထန်းရည်လေးနဲ့ အပန်းဖြေငေးကြပြီပေ့ါ။ ရွာတောင်ပိုင်းမှာနေတဲ့ ကိုရွှေသာက -

‘မနေ့ညက ရွာထဲကိုသူခိုးဝင်ကပ်သလားမသိဘူး။ တစ်ညလုံး ခွေးဟောင်သံတွေကြားရပြီး အိပ်လို့မရဘူးကွာ’

ပြောတော့ ရွာမြောက်ပိုင်းမှာနေတဲ့ သူငယ်ချင်းက-

‘ဟုတ်လား။ ငါကတော့ အိပ်ပျော်သွားလို့ ဘာမှမသိလိုက်ဘူး။ ဒါနဲ့ခွေးတွေက ဘယ်အပိုင်းကဟောင်



တာလဲကွ’

ပြောတော့ ကိုရွှေသာစိတ်တိုပြီး ပြန်ပြောတာက-

‘ဟ ခွေးဟောင်ပါတယ်ဆိုပါမှ ပါးစပ်ပိုင်းကဟောင်တာပေ့ါ ငတုံးရဲ့’။

**ဖန်ခါးမြေရွှေဆင်မင်း**

ယခုတလော ကျွန်ုပ်၏ပတ်ဝန်းကျင်တွင် စိတ်ဝမ်းကွဲပြားမှုများ၊ ဝေဖန်မှုများ၊ တိုက်ခိုက်မှုများ၊ မယုံကြည်မှုများ၊ ကျွန်ုပ်အပေါ် အထင်အမြင်လွဲမှားမှုများ ဆက်တိုက်ဆိုသလိုဖြစ်ပေါ်နေရာ ကျွန်ုပ်မှာ စိတ်ရှုပ်နေရလေသည်။ သို့နှင့်ကျွန်ုပ်လည်း ရုံးပိတ်ရက်တစ်ရက်တွင် တစ်ကိုယ်တည်း ဧကစာရီကျင့်သုံးပြီး ပတ်ဝန်းကျင်နှင့်အဆက်ဖြတ်ကာ ရတနာပုံသတင်းစာများကို ဟိုဟိုဒီဒီဖတ်နေလိုက်ပါတော့သည်။ ၁၂. ၄. ၂၀၁၃ ရက်နေ့ထုတ် သတင်းစာကိုဖတ်မိတော့မှ ကျွန်ုပ်မှာ စိတ်ရှုပ်နေရာမှ မျက်လုံးပြူးကျယ်သွားလေသည်။ ထိုသတင်းတွင် ကမ္ဘာ့အကြီးမြတ်ဆုံးသော ရူပဗေဒပညာရှင်နှင့် စကြာဝဠာဗေဒပညာရှင်တွင် တစ်ဦးအပါအဝင်ဖြစ်သော စတီဗင်ဟော့ကင်းက ထိလွယ်ရှလွယ်ဖြစ်လာသောမြေကမ္ဘာမှ လွတ်မြောက်ခြင်းမရှိလျှင် နောင်နှစ်ပေါင်း ၁၀၀၀ မှာ လူသားတွေ အသက်ရှင်နိုင်မှာမဟုတ်ကြောင်း၊ လူသားမျိုးနွယ် မျိုးသုဉ်းပျောက်ကွယ်မှုမှာ နီးကပ်လာသောကြောင့် လူသားများနေထိုင်ရန်သင့်လျော်သည့် အခြားဂြိုလ်အသစ်ကို စတင်ရှာဖွေရန်လိုအပ်ကြောင်း၊ ကမ္ဘာမြေသည် လူသားတို့၏ အဆက်မပြတ်ထုနှက် ချေမွမှုကို ဆက်လက်တောင့်ခံရန် ချုချာလာနေ၍ လူသားမျိုးနွယ်ရှင်သန်ရေးသည် စကြာဝဠာအတွင်း အိမ်ရာအသစ်များကို ရှာဖွေနိုင်စွမ်းပေါ်မူတည်ပြီး အာကာသအတွင်း ပျံ့နှံ့နေထိုင်သွားရန်မှာ တစ်ခုတည်းသော အခွင့်အရေးဖြစ်ကြောင်း ဖော်ပြထားရာ ကျွန်ုပ်မှာစားစရာမရှိပေမဲ့ ပြေးစရာမြေတော့ရှိရမယ်ဟု သိထားရာမှ ယခုပြေးစရာမြေကမ္ဘာပါ ပျောက်ကွယ်မည်ဟုဆိုရာ အာကာသသို့ဘယ်လိုသွားရပ့ါမလဲဟု စဉ်းစားကာသာနေမိသည်။ အာကာသယာဉ်များ တည်ဆောက်ရပေလိမ့်မည်။ သို့ဆိုလျှင် အာကာသယာဉ်၏ အခြေခံသဘောတရားကို ဖော်ထုတ်သော ရူပဗေဒပညာရှင်ကြီး နယူတန်ကို သတိရပြန်သည်။

အေဒီ ၁၆၄၄ ခုနှစ်၊ ခရစ်တော်နေ့၌ အင်္ဂလန်နိုင်ငံ၊ ဝူးစတျူပ်မှာ နယူတန်ကိုမွေးပါသည်။ နယူတန်က ၁၇၂၇ ခုနှစ်မှာ ကွယ်လွန်ပြီး သူ့အလောင်းကို ဝက်စ်မင်စတာအက်ဘေး (Westminster Abbey) မှာ မြှုပ်ပါတယ်။ အသက် ၁၈ နှစ်မှာ ကိန်းဘရစ်ယူနီဗာစီတီမှာ ကျောင်းတက်ပါတယ်။ သူ့ အသက် ၂၄ နှစ်၊ အေဒီ ၁၆၆၈ ခုနှစ်မှာ ကဲကုလပ်သင်္ချာ (calculus) ကို တီထွင်တယ်။ သူဟာ ပထမရွေ့လျားဥပဒေသကိုဖော်ထုတ်ပြီး ဒုတိယရွေ့လျားဥပဒေသကို F = ma ဆိုတဲ့ ညီမျှခြင်းနဲ့ ရှင်းတယ်။ တတိယရွေ့လျားဥပဒေသဖြင့်

# စတီဗင်ဟော့ကင်းနှင့် ၁၀ ဘီလီယံထဲကမြန်မာ




အရာဝတ္ထုတစ်ခုပေါ်ကို အားတစ်ခုသက်ရောက်လိုက်ပါက ထိုအားနှင့်ညီမျှသော အားတစ်ခုသည် တန်ပြန်သက်ရောက်ပြီး ထိုအားတို့သည် တစ်ခုနှင့်တစ်ခုဆန့်ကျင်ဘက်လားရာသို့ သက်ရောက်သည်ဟု ဖော်ထုတ်ပါတယ်။ နောက်တစ်ခါ သိပ္ပံပညာမှာ အကျော်ကြားဆုံး မြေဆွဲအားဥပဒေသ (The Law of universal Gravitation) ကို ဖော်ထုတ်နိုင်ခဲ့တဲ့အတွက် အာကာသယာဉ်၊ ဒုံးပျံတွေလုပ်လာနိုင်တယ်။ နေလနက္ခတ်တွေသွားလာပုံ၊ ဘယ်နေ့ ဘယ်နေရာရောက်မယ်ဆိုတာ အတိအကျကြိုတင်တွက်ယူနိုင်ခဲ့ပါတယ်။ ကျွန်ုပ်လည်း အဲဒီအချိန် အဲဒီအခါက ဒို့မြန်မာတွေရဲ့ခေတ်ကို လေ့လာမိပြန်ပါတယ်။

နယူတန်ရဲ့ခေတ်ကာလဟာ မြန်မာမှာဒုတိယအင်းဝခေတ်၊ ညောင်ရမ်းခေတ် အကျပိုင်းကာလဖြစ်ပါတယ်။ သာလွန်မင်းတရားကြီး နတ်ရွာမစံမီ ၆ နှစ်အလိုမှာ နယူတန်ကိုမွေးပြီး တနင်္ဂနွေမင်းလက်ထက်မှာ နယူတန်ကွယ်လွန်သည့် အချိန်ဖြစ်ပါတယ်။ မင်းများကတော့- သာလွန်မင်း (အေဒီ ၁၆၂၈ - ၁၆၄၈)၊ ပင်းတလဲမင်း (အေဒီ ၁၆၄၈ - ၁၆၆၁)၊ ပြည်မင်း (အေဒီ ၁၆၆၁ - ၁၆၇၂)၊ နရာဝရမင်း (အေဒီ ၁၆၇၂)၊ မင်းရဲကျော်ထင် (အေဒီ ၁၇၁၄ - ၁၇၃၃) တို့ဖြစ်ပြီး လူတွေရဲ့နေထိုင်မှုဘဝ၊ စီးပွားရေးဘဝကို ပြောင်းလဲနိုင်လောက်တဲ့ သိပ္ပံပညာရပ်ထွန်းကားခြင်းမရှိသေးပါ။ ကမ္ဘာကျော်ကိန်းဘရစ်တက္ကသိုလ်ကြီးလိုမျိုးလည်း မြန်မာမှာမရှိသေးပါ။ ကျွန်ုပ်မှာ စိတ်သက်သာရာရကြောင်း သတင်းစာကို ဟိုဟိုဒီဒီဆက်ဖတ်နေမိသည်။

၄. ၁၁. ၂၀၁၃ ရက်နေ့ထုတ် သတင်းစာတွင် ကြယ် ၁၄၆ လုံးမှ အလင်းတန်းများကိုတိုင်းတာ၍ စကြာဝဠာကြီးအကျယ်ကိုတိုင်းကြည့်ရာ မမြင်ရသောစွမ်းအားတစ်ခု၏ တွန်းအားကြောင့် စကြာဝဠာမှာကျယ်ပြန့်လာနေပြီး နောက်ဆုံးတွင် နှစ်ခြမ်းကွဲသွားမည်ဟု ဖတ်မိရာပိုစိတ်ရှုပ်လာ၍ နောက်တစ်စောင်ကိုယူပြီး ဖတ်မိပြန်သည်။ ၁၃. ၁၀. ၂၀၁၃ နေ့ထုတ်သတင်းစာတွင် ၁၉၅၀ ဒီအေဟု အမည်ပေးထားသော ဥက္ကာပျံကြီးသည် တစ်နာရီလျှင် ၃၈,၀၀၀ မိုင်နှုန်းဖြင့်ရွေ့နေပြီး ၂၈၈၀ ပြည့်နှစ် မတ် ၁၆ ရက်တွင် ကမ္ဘာကိုဝင်တိုက်ဖွယ်ရှိပြီး အကယ်၍ကမ္ဘာပေါ်သို့ကျပါက ပေါက်ကွဲအားမှာ ၄၄,၈၀၀ မဂ္ဂါတန်တီအန်င်တီအထိရှိမည်ဟု ဖော်ပြထားလေသည်။ အဲသလိုဆိုရင် နောက် ၈၆၆ နှစ်အတွင်း ၂၈၈၀ ပြည့်နှစ်မတိုင်မီ မြန်မာတွေအာကာသရှိ ဂြိုလ်တစ်ဂြိုလ်မှာ အခြေချနေထိုင်နိုင်အောင် လုပ်ရပေတော့မည်။ မြန်မာတွေ ကိုယ်စွမ်းကိုယ်စနဲ့ လေထဲ၊ ကောင်းကင်ကိုတက်ရောက်နိုင်ခဲ့သလားလို့ တွေးမိပြန်ပါတယ်။

မြန်မာတွေဟာ အာကာသထဲမဟုတ်တောင် အမြင့်ကိုပျံတက်နိုင်ခဲ့ပါတယ်။ သူက ဦးကျော်ရင်ပါ။ ၁၈၇၄ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့မှာ ထားဝယ်ခရိုင်၊ လောင်းလုံမြို့နယ်၊ ပန်းတလဲရွာမှာ သူ့ကိုမွေးပါတယ်။ မိဘတွေက လယ်သမားတွေပါ။ သူက အတောင် ၈၀ ရှိပိတ်အုပ် ၂၄ အုပ်နဲ့မီးပုံး ပျံလုပ်ခဲ့ပြီး၊ မှိုင်းသွင်းကာ အမြင့်အတောင် ၃၀၊ လုံးပတ်အတောင် ၁၀၀ ရှိတဲ့ မီးပုံးပျံ၊ ၁၉၂၉ ခုနှစ်မှ ၁၉၃၉ ခုနှစ်ထိ ၁၀ နှစ်အ တွင်း မီးပုံးပျံ ၅ လုံးနဲ့ ၅၅ ကြိမ်ပျံပြခဲ့ပါတယ်။ ၁၉၂၉ ခုနှစ် မတ်လမှာ ထားဝယ်မြို့လယ်အတွင်းမှ မီးပုံးပျံဖြင့် ကောင်းကင်သို့စ၍ပျံပြခဲ့ရာ နောက်ဆုံးအချိန် မီးပုံးပျံဖြင့်ပျံပြချိန်မှာ

သူ့ရဲ့အသက်က ၅၅ နှစ်ဖြစ်ပါတယ်။ ယခုအချိန်ထိ မြန်မာတွေ ကိုယ်စွမ်းကိုယ်စသုံးပြီး စက်ယန္တရား၊ ဒုံးပျံသုံးကာ ကောင်းကင်ပျံတက်နိုင်တာ မဖတ်မိ၊ မတွေ့မိ၊ မမြင်မိသေးပါ။ အဲသလိုဆိုရင် မြန်မာတွေအလုပ်လုပ်မှ ဖြစ်တော့မှာပေ့ါ။ အချိန်တွေကိုအသုံးချပြီး အလုပ်ကို ဘယ်လိုလုပ်ကြမယ်ဆိုတာနဲ့ပတ်သက်ပြီး Mr. Katsuyuki Hasegawa ရဲ့ စာအုပ်ပါ အကြောင်းအရာကို သတိရမိပါတယ်။

တစ်နေ့မှာ Hasegawa ဟာ သူ့ရဲ့ စာအုပ်ကို ဘာသာပြန်ပေးတဲ့ Tom နဲ့တိုကျိုမြို့ရှိ ဘားတစ်ခုကိုသွားပြီး သောက်ပါတယ်။ စားသောက်ပြီးတာနဲ့ ပြန်ဖို့ဆုံးဖြတ်လိုက်ကာ စားပွဲထိုးကိုခေါ်ပြီး Bill တောင်းရာ ယန်း ၇,၅၀၀ ကျသည်ဟုဆိုသဖြင့် သူကတစ်ထောင်တန် ၃ ရွက်၊ ၅၀၀၀ တန် ၁ ရွက်ပေးလိုက်တယ်။ သို့သော် Tom က ၅၀၀၀ တန်နှင့် ၁၀၀၀၀ တန် မှားပေးသည်ဟုပြော၍ စစ်ကြည့်လိုက်တော့မှ မှားပေးလိုက်ကြောင်း သိသည်ဟုဆိုပါတယ်။ စားပွဲထိုးမှာ ထွက်ခွာသွားခဲ့ပြီဖြစ်တယ်။ Tom က-

‘ပိုက်ဆံ ၁၀၀၀၀ ကတော့ မင်းကို Good bye လုပ်သွားပြီ’

ဟုပြောရာ သူက-

‘စီးပွားရေးလုပ်နေသော ဂျပန်လူမျိုးတို့၏ခံယူချက်ကို မင်းမသိသေးလို့ပါ’

ဟုပြန်ပြောလိုက်သည်ဟု ဆိုပါတယ်။ Tom က မယုံကြည်ပေ။ ထိုသို့ပြောရင်းနှင့်ပင် စားပွဲထိုးက ပြန်အမ်းငွေ ၅၅၀၀ နှင့် အတူ ရောက်လာရာ Tom မှာ မယုံချင်စရာကို တွေ့သွားလေသည်။ သို့သော် ဒါတကယ့်အမှန်ပါ။ ဒါက စီးပွားရေးလုပ်ရာမှာ ဂျပန်တို့၏ကျင့်ဝတ်တစ်ခုပင်။ အလုပ်နှင့်ပတ်သက်၍ Hiragena Times ပါ ဂျပန်ရောက်တရုတ်ကျောင်းသားတစ်ဦး၏ နေ့စဉ်မှတ်တမ်းကိုလည်း ဖော်ပြလိုပါသည်။ ထိုတရုတ်ကျောင်းသားသည် လိမ္မော်သီးတွေကို စက္ကူဘူးထဲထည့်ရသော အချိန်ပိုင်းအလုပ်လုပ်ပါတယ်။ စက်ရုံသို့ အစောကြီးသွားရာ သူသွားတိုင်း အလုပ်သမားဝတ်စုံအပြည့်ဖြင့် အလုပ်လုပ်နေသော အဘိုးကြီးကို အမြဲတွေ့ရသည်။ တရုတ်ပြည်မှာဆိုလျှင် ထိုအဘိုးကြီးသည် ပင်စင်စားဖြစ်ချင်ဖြစ်မည်။ အနားယူချင်လည်း ယူမည်။ အခုတော့ အလုပ်လုပ်နေ၍ သူသည်ထိုအဘိုးကြီးကို သနားနေမိသည်။ သို့သော် အဘိုးကြီးကတော့ ပျော်ရွှင်စွာဖြင့် အလုပ်ကိုအလွန်ကြိုးစားလုပ်နေသည်ဟု ဆိုပါသည်။ လစာထုတ်ရက်တွင် အဝတ်အစားသားသားနားနားဖြင့် ထိုအဘိုးကြီးကို တွေ့

စာမျက်နှာ ၁၅ သို့ -

စာမျက်နှာ ၁၄ မှ -


လိုက်ရ၍ သူသည်အံ့ဩသွားလေသည်။ ထိုအဘိုးကြီးသည် လစာထုတ်ပြီး၊ သူသွားချင်ရာ၊ သူစားချင်ရာလုပ်ဖို့ဖြစ်မယ်ဟု သူသည်တွေးတောမိလေသည်။ အတန်ကြာပြီးနောက် သူလည်း လစာထုတ်ရန် ကုမ္ပဏီသူဌေး၏ရုံးခန်းသို့ ဝင်သွားရာ ခုနကတွေ့လိုက်သော ဝတ်ကောင်းစားလှနှင့် အလုပ်သမားအဘိုးကြီးက သူဌေးထိုင်သောနေရာမှာ ထိုင်နေသည်ကိုတွေ့ရ၍ အံ့အားသင့်သွားလေသည်။ ထိုအဘိုးကြီးမှာ ကုမ္ပဏီ ရဲ့သူဌေးကြီး၊ ဥက္ကဋ္ဌကြီးဖြစ်ကြောင်း နောက်မှသူသိသွားသည်။ ဂျပန်သူဌေးများသည် အလုပ်အလွန်ကြိုးစားကြပြီး သူဌေးနှင့် အလုပ်သမားကြား ကွာဟချက်မှာ အလွန်နည်းပါးသည်။ အလုပ်လုပ်ရာတွင် အချိန်တိကျမှုသည်လည်း အတုယူစရာကောင်းလှပါသည်။ သမ္မတကြီးဂျပန်သွားစဉ်က ဂျပန်မှာရထားကိုရိုးရိုးတန်းက စီးကြည့်ခဲ့သည်ဟုဆိုရာ တစ်ခါကဖတ်မိသောစာပုဒ်ကို သတိရပြန်သည်။

တစ်ခါက ဂျပန်တွင်အလည်ရောက်နေသော မြန်မာတစ်ဦးသည် ဂျပန်ရှိသူငယ်ချင်းထံ အလည်လာလို၍ဖုန်းဆက်ရာ သူငယ်ချင်းက မင်းဘယ်မှာလဲ၊ အဲသလိုဆို ဘယ်ဘူတာကနေ ဘယ်နှစ်နာရီထွက်တဲ့ ရထားကိုစီးခဲ့၊ ဘယ်နှစ်နာရီမှာရပ်တဲ့ဘူတာမှာ ဆင်းပါလို့ဆိုပါတယ်။ သူလဲမဝင့်မရဲနှင့် သူငယ်ချင်းပြောသည့်အတိုင်း ရထားစီးသွားရာ ဆင်းသည့်ဘူတာတွင် သူငယ်ချင်းက လာကြိုနေသည်ဟု ဆိုပါသည်။

ကျွန်ုပ်တို့နိုင်ငံတွင် ယခုမှလွတ်လပ်ပွင့်လင်းသောဘဝ၊ တည်ဆောက်ရေးအစပြုဆဲလပေါင်း ၃၀ ကျော်သာရှိသေးရာ နိုင်ငံ၏သယံဇာတ၊ နိုင်ငံသားတို့၏ လူသားအရင်းအမြစ်၊ ခံယူချက်၊ ယုံကြည်ချက်တွေနှင့် အာကာသယာဉ်ကို မည်သို့တည်ဆောက်ကြမည်နည်း။ တစ်ချိန်က တစ်နိုင်ငံလုံး နှစ်လုံး၊ သုံးလုံးလုပ်ကြသည်။ ယခုလည်း ပျော်စရာရှိတစ်နိုင်ငံလုံးပျော်ခဲ့ကြသလောက် ရန်ဖြစ်စရာရှိလည်း ထိုနည်းတူတစ်နိုင်ငံလုံး ဒေါသတကြီးခိုက်ရန်ဖြစ်ကြပြန်သည်။ ထို့ပြင် တစ်နိုင်ငံလုံးရှိ မြို့တိုင်း၊ ရွာတိုင်းရှိ အနီလက်ဖက်ရည်ဆိုင်တွင် ဗီဒီယိုတစ်ကား၊ ဘောလုံးပွဲတစ်ပွဲဖြင့် အချိန်ဖြုန်းကြသည်။ ကောလာဟလသတင်းတွေ ဖောက်သည်ချကြနှင့် နေထိုင်လာခဲ့ကြသည်။ ကျွန်ုပ်တို့မှာ တက်မရှိလျှင် လက်နှင့်လှော်၊ သစ်မရခင်စပ်ကြား ဝါးပေါင်းကွပ်၊ ရေလိုက်ငါးလိုက်ဆိုသောစကားကို လက်ကိုင်ပြုထားကြကာ ခရီးတစ်ခုရောက်အောင် လက်နှင့်လှော်လာကြပြီးကာမှ နောက်ခရီးအတွက် တက်မရှာတော့။ ဝါးပေါင်းကွပ်ပြီးတာနှင့် သစ်ရအောင်မကြိုးစားတော့။ အလိုက်အထိုက် ဖာသိဖာသာနေခဲ့ကြပြီးကာမှ အချိန်တန်နွားပိန်ကန်လိမ့်မည်ဟု သဘောထားကြသည်။

စတီဗင်ဟော့ကင်း၏အဆိုအရ အသက်ရှင်ရန် အာကာသမှာအခြေချရမည်ဖြစ်ရာ ပျော်ပါးငြင်းခုံရန်ဖြစ်မနေကြဘဲ တစ်နိုင်ငံလုံး အလုပ်လုပ်ကြရပေတော့မည်။ ကျွန်တော်တို့မြန်မာမျိုးဆက်များ အာကာသတွင်ရှိနေရန် ကြိုးစားကြရပေဦးမည်။ အလုပ်လုပ်ရပေမည်။ အခုမှ ကြိုးစားသော်လည်း နောက်မကျသေးပါ။ ၆. ၁၁. ၂၀၁၃ ရက်နေ့ထုတ် သတင်းစာတွင် လူသားများအသက်ရှင်ရေးအတွက် အဓိကကျသည့် ရေအရင်းအမြစ်တည်ရှိနိုင်သော ဂြိုလ်ပေါင်း ၁၀ ဘီလီယံခန့်ရှိသည်ဟု ဘာကလီအာကာသလေ့လာရေးဌာနမှတွေ့ရှိကြောင်း ဖော်ပြထားပါသည်။ သြော် ၁၀ ဘီလီယံထဲက မြန်မာမျိုးဆက်သစ်ဖြစ်ချင်စမ်းပါဘိ။ ရောက်ချင်စမ်းပါဘိ။ မြန်မာမျိုးဆက်သစ် မပျောက်ကွယ်ချင်စမ်းပါဘိလေ။

**ဖိုးသိကြား**






# မြန်မာ့နှစ်သစ်ဆုတောင်း



**မောင်မောင်ဆွေ (ကစစ-၁၃)**

ပြည်ထောင်စုဖွား တိုင်းရင်းသားတို့
တစ်မြေတည်းဖွား ညီနောင်များမို့
ချစ်ကြည်လက်တွဲ ပျော်နိုင်စေ...။

ပြည်ထောင်စွမ်းအား လယ်သမားလည်း
ရန်သူငါးပါး 'ဘေးရန်' မများဘဲ
သီးနှံစိုက်ပျိုး အောင်မြင်စေ...။

စက်မှုစွမ်းအား တို့လုပ်သားလည်း
ကိုယ်စိတ်နှစ်ဖြာ ကျန်းမာစွာဖြင့်
ကျရောက်တာဝန် မြဲကျေပွန်ပြီး
ပြည်ကျိုးဆောင်ရွက် အောင်နိုင်စေ...။

လမ်းပေါ် လှုပ်ရှား ခရီးသွားလည်း
စည်းကမ်းတကျ လိုက်နာကြ၍
ယာဉ်အန္တရာယ်လည်း ကင်းရှင်းစေ...။

ယာဉ်ကြီးယာဉ်ငယ် ကိုင်တွယ်မောင်းနှင်
ပြည်တစ်ခွင်က ယာဉ်မောင်းများလည်း
စည်းကမ်းတကျ မောင်းနှင်ကြ၍
အန္တရာယ်အပေါင်း ကင်းဝေးစေ...။

အမျိုးကောင်းသမီး၊ သား လူငယ်များလည်း
ကိုယ်ကျင့်သိက္ခာ စောင့်ထိန်းကာဖြင့်
ဝတ်စားဆင်ခြင် နေတတ်စေ...။

မတော်သည့်လမ်း ခြေမလှမ်းဖို့
လူကြီးသူမ ဆိုဆုံးမလည်း
ယဉ်ကျေးလိမ္မာ ရှိနိုင်စေ...။


ပြည်ထောင်စုဖွား ပြည်သူများလည်း
ကျန်းမာမှုအရေး ကူညီပေးသည့်
ဝန်ဆောင်အမှု ဆေးကုသသည့်
ကျန်းမာရေးစနစ် ပေါ်ပေါက်စေ...။

ဘာသာမျိုးစုံ လူမျိုးစုံတို့
ယုံကြည်ချစ်ကြည် လက်တွဲညီ၍
ငြိမ်းချမ်းရေးလမ်း လျှောက်နိုင်စေ...။

သာသည့်ဒီမြေ တို့တိုင်းပြည်လည်း
အတွင်းအပြင် အန္တရာယ်မီး
ကင်းငြိမ်းသာယာ ငြိမ်းချမ်းစွာဖြင့်
မျှော်မှန်းရည်သန် ပန်းတိုင်အမှန်ကို
မကြာချက်ချင်း ရောက်နိုင်စေ။

# တခဏ . . .ဘဝ





'သမီးရေ. . . ဒီမှာနင့်အဖေနောက်ဖေးမှာလှောင့်ထားတဲ့ အိမ်ကကြောင်လေး၊ အလွမ်းပြေလာကြည့်ရင် ကြည့်လေ' တဲ့ အိမ်နောက်ဖေး ဌက်ပျောခြံတွင်းမှ အလုပ်သမားနှင့် ခြံသန့်ရှင်းရေးလုပ်နေရင်း ပြောလိုက်သော မေမေ့အသံကြောင့် ရေနွေးကြမ်းလာပို့သောကျွန်မမှာ လွန်ခဲ့သောနှစ်ပတ်အတွင်းက သေသွားသောကြောင်လေးအကြောင်း တွေးဖြစ်သွားသည်။ ဘာအစားမှားစားမိမှန်းမသိဘဲ ကြောင်လောကမှ စောစီးစွာထွက်သွားရသည့် ကြောင်သက်တမ်းမစေ့သော ကြောင်လေးကိုသတိရသွားသောကြောင့် မေမေညွှန်ပြသောဌက်ပျောချုံနားရှိ ကြောင်သေလေးကိုသွားကြည့်မိသည်။ အရင်တုန်းက ချစ်စရာမျက်လုံးပြူးပြူးဝိုင်းဝိုင်း နေရာတွင် ချိုင့်ခွက် (၂) ခုပမာ၊ ထိုးထိုးထောင်ထောင်အမွှေးလေးတွေနဲ့ ဘေးနှစ်ဘက်သို့ကားနေသော နားရွက်လေးတွေနေရာလေးကတော့ မရှိရှာတော့။ မသေခင်တုန်းက အမွှေးဖွားဖွား ဗိုက်ကားကားလေးလည်း မရှိတော့ဘဲ အလယ်ကျောရိုးဆက်ကြီး တစ်ချောင်းသာရှိတော့သည်။ လူတွေအစားစားလျှင် တညောင်ညောင်အော်ကာ တောင်းရှာသောကြောင်လေးကတော့ မြေကြီးကိုသွားပြီး အစာကျွေးခဲ့လေပြီ။ ဩော်. . . ပြောင်းလဲပျက်စီးတတ်တဲ့ လောကနိယာမတရားကြီးကို မလွန်ဆန်နိုင်ရှာတဲ့ သင်္ခါရသားကောင်ကြောင်သေလေးကိုကြည့်ရင်း သံဝေဂအတွေးများစွာ တွေးဖြစ်ခဲ့လေသည်။

ဒီအိမ်ရှင်လောကကြီးထဲကို ဧည့်သည်ပမာလာကြရင်း အချိန်တန်တော့လည်းအိမ်ပြန်ရသည်သာ။ တစ်ခါတလေတော့လည်း ကျွန်မတို့တွေဟာ ပျော်ရွှင်စရာ၊ ဝမ်းနည်းစရာ အာရုံတွေကြောင့် ကိုယ့်ကိုယ်ကိုယ် ဧည့်သည်ဖြစ်နေတာကို မေ့သွားတတ်ကြသည်။ ဝမ်းသာလိုက်၊ ဝမ်းနည်းလိုက် မေ့မျောစွာနေလာကြရင်း ဘဝနေဝင်ချိန်တွေကို ရောက်မှန်းမသိရောက်လာကြပြန်ရော။ သားရေး၊ သမီးရေး၊ စီးပွားရေး၊ လူမှုရေးတွေကြားမှာ အချိန်တွေကုန်လွန်သွားကြရင်း ငါ၊ ငါ့အတွက်သာဆိုတဲ့ အတ္တမာနသာ ပွင့်ဖူးဝေဆာလာခဲ့ရသည်လေ။

ငိုခြင်းတွေနဲ့စပြီးလာခဲ့ရတဲ့ ဘဝခရီးတစ်ခုရဲ့အပြန်မှာရော နောင်တတရားများစွာနဲ့ ငိုပြီးပြန်အုံးမှာလား၊ လောကကြီးကို ခဏလာလည်တဲ့ ဧည့်သည်တစ်ယောက်အနေနဲ့ နေရတဲ့အခိုက်အတန့်လေးမှာ ကိုယ့်အတွက်ဘာတွေယူပြီး၊ ကျန်ခဲ့တဲ့လောကကြီးကို ဘာတွေပေးခဲ့မှာလဲ။ ကိုယ့်အတွက် နှစ်အတိုင်းအတာတစ်ခုအထိ ဘယ်တော့မှမညောင်းဘဲ အလေးခံပြီး သယ်ပိုးထားရှာတဲ့ ဒီကမ္ဘာမြေကြီးကို တစ်ခုခုတော့အားနာစွာ ပေးဆပ်သင့်ဖို့တော့လိုပေမည်။ ဆင်းရဲရင်လည်းနှစ်တစ်ရာ၊ ချမ်းသာရင်လည်းနှစ်တစ်ရာ ထက်မပိုကြ၊ နိဒါန်းစကားခြင်းတူပေမဲ့ နိဂုံးမှာတော့လောကကြီးကရော၊ လောကလူသားတွေကရော အမြဲသတိရကျေးဇူးတင်နေမဲ့ လူသားဧည့်သည်တွေအဖြစ်ပြန်ထွက်သွားရင်ရော မကောင်းဘူးလား။ ဧည့်သည်ခြင်းတူပေမဲ့ တန်ဖိုးခြင်းမတူတဲ့ ဧည့်သည်တွေဖြစ်ကြမှာကတော့ လုပ်ဆောင်တဲ့လုပ်ရပ်နဲ့ ထားရှိတဲ့စိတ်ဓာတ်ပေါ်မှာမူတည်ပြီး ကွဲပြားကြဦးမှာပါ။ လမင်းကြီးလိုအလင်းရောင်၊ နေမင်းကြီးလို နွေးထွေးခြင်းတွေပေးနိုင်တဲ့ အဖိုးတန်လူသားဧည့်သည်တွေဖြစ်ခဲ့ရင်တော့ ဒီကမ္ဘာလောကကြီးကလည်း နောက်တစ်ခါလာခဲ့ဖို့ အမြဲကြိုဆိုနေမယ်ထင်ပါတယ်။

တစ်ခါတလေတော့လည်း ဧည့်သည်တွေဟာ ကိုယ်ပဲတစ်သက်လုံးနေရမယ့်အတိုင်း နေနေမိကြတယ်။ ဖြစ်နိုင်ရင် ဧည့်သည်ဆိုတဲ့ စကားလုံးကြားရင်တောင်နားမထောင်ချင်ကြဘူးလေ။ ငါသာလျှင်အိမ်ရှင်၊ ငါသာလျှင် အမြဲပိုင်ဆိုင်သူဆိုတဲ့ အတွေးကို တွေးမိနေကြတယ်။ ငါမရှိရင် မဖြစ်ဘူး၊ ငါသာလျှင်အဓိကလိုရင်း ခဏငှားပြီးနေရတဲ့ဘဝကြီးကို မေ့လျော့နေကြတယ်လေ။ ဗုဒ္ဓမြတ်စွာဘုရားရှင်ကြီးကတော့ လောကမှာဧည့်သည်နဲ့တူသောအရာ (၃) ခုရှိသတဲ့။

(က) လောကဇရပ်ပေါ်မှ သတ္တဝါဧည့်သည်များ

(ခ) ခန္ဓဇရပ်ပေါ်မှ ဝေဒနာဧည့်သည်များ

(ဂ) စိတ်တည်းဟူသောဇရပ်ပေါ်မှ ကိလေသာဧည့်သည်များဖြစ်သည်တဲ့။

လောကဇရပ်ပေါ်က ဧည်သည်တွေကတော့မခေါ်ဘဲလာခဲ့ကြပြီး၊ မနှင်ဘဲပြန်ကြဦးမတဲ့။ ခန္ဓဇရပ်ပေါ်က ဝေဒနာဧည့်သည်တွေကတော့ အကြောင်းတရားတွေ တိုက်ဆိုင်တိုင်း ရောက်လာတတ်ကြသတဲ့။ ကောင်းတယ်၊ ဆိုးတယ်လို့ ထင်ယောင်ထင်မှားဖြစ်ရာက ခံစားချက်တွေ ဖြစ်ပေါ်လာတတ်တာကို ဝေဒနာဧည့်သည်လို့ခေါ်သတဲ့။ စိတ်တည်းဟူသောဇရပ်ပေါ်မှ ကိလေသာဧည့်သည်တွေကတော့ ဒုက္ခအပေးနိုင်ဆုံး ဧည့်သည်ဆိုးတွေပါပဲတဲ့။ လက်မခံသင့်ဘဲ တားရမယ့်ဧည့်သည်လည်းဖြစ်ပါသတဲ့။ ဒီကိလေသာစိတ်ကိုလက်ခံထားတဲ့ ဧည့်သည်လူသားကလည်း ဒီလောကကြီးက လက်ခံချင်တဲ့ဧည့်သည်မျိုးဘယ်တော့မှ ဖြစ်လာနိုင်တော့မှာမဟုတ်ပါဘူး။

ဖြစ်လာကြတဲ့အရာမှန်သမျှရဲ့အဆုံးဟာပျောက်ကွယ်ခြင်းပဲလေ။ နေခွင့်ရတဲ့ကြားကာလတိုလေးတစ်ခုကိုသာ အသုံးချခွင့်ရကြတာပါ။ ဒီအသုံးချခွင့်ရတဲ့ကာလတိုလေးတစ်ခုမှာ သူတော်ကောင်းတွေကြောင့် ဒီကမ္ဘာလောကကြီးတိုးတက်ခဲ့ရသလို၊ သူယုတ်မာတွေကြောင့်လည်း ဆုတ်ယုတ်ပျက်စီးခဲ့ရခြင်းတွေ ရှိခဲ့ကြတယ်။ အိမ်ရှင်ကိုအကျိုးပြုခဲ့ရှာတဲ့ ဧည့်သည်တွေရှိခဲ့သလို၊ အကျိုးယုတ်စေခဲ့တဲ့ဧည့်သည်တွေလည်းရှိခဲ့ကြတယ်။ နေခွင့်ရတဲ့ကာလတိုလေးတစ်ခုမှာ ဧည့်သည်အချင်းချင်း သံယောဇဉ်နှောင်ကြိုးတွေနဲ့ရစ်ဖွဲ့မိပြန်တော့ခွဲရချိန်မှာလည်း ဝမ်းနည်းပူဆွေးကြရပြန်တယ်လေ။ ဖြစ်ချင်ခြင်းကြောင့် ဖြစ်လာပြန်တော့မြဲစေချင်ကြတယ်။ မြဲစေချင်လို့ကြိုးစားကြရင်း ဖြူစင်တဲ့မေတ္တာစစ်စစ်ကို မထားနိုင်တဲ့အခါ ငါနဲ့ငါရဲ့နေရာဆိုတဲ့အတ္တအတွေးတွေနဲ့ ပူလောင်ခြင်းတွေကိုတိုးခဲ့ရပြန်တယ်။ သူတော်ကောင်းဧည့်သည်တွေကတော့ ကိုယ့်အကျိုးထက် အများအကျိုးကို ရှေ့တန်းတင်လို့ ဒီမြေကြီးပေါ်က သူဘာမှယူမသွားနိုင်ပေမဲ့ သူပြုခဲ့တဲ့ကောင်းမှုအကျိုးတရားတွေကတော့ သူမခေါ်လည်းလိုက်နေဦးမှာပါ။ သူကတော့ ဘာမှသိမ်းမထားပေမဲ့ အမြဲပိုင်ဆိုင်သူဖြစ်နေခဲ့တာပေါ့။ 'ကိုယ့်အတွက်မမှန်းလေ ကိုယ့်အတွက်ဖြစ်လေ' ဆိုတဲ့လောကနိယာမသဘာဝတရားပဲလေ။ ခွဲခွာခြင်းဆိုတဲ့ စကားလုံးကတော့ ဘယ်သူမှမကြားချင်ပေမဲ့ တစ်နေ့တစ်ချိန် အလှည့်ကျရောက်လာမှာမို့ ခံနိုင်ရည်ရှိဖို့ အသင့်ပြင်နိုင်ဖို့ ကလွဲရင်ဘာများတတ်နိုင်ဦးမှာလဲ။

အရင်တုန်းက အရမ်းဖျတ်လတ်သွက်လက်ခဲ့တဲ့ အားကစားကျောင်းဆရာအဖေ အခုတော့ပင်စင်ရပြီး သူတတ်နိုင်သလောက် ကောင်းမှုကုသိုလ်တရားတွေပွားများအားထုတ်နေလေရဲ့။ အရင်တုန်းကတော့ နှာတံပေါ်ပေါ်၊ အသားဖွေးဖွေး၊ အရပ်ရှည်ရှည် ကျောင်းဆရာဘဝမှာချောမောခဲ့တဲ့ အဖေ့မျက်နှာမှာ အရေးအကြောင်းတွဲလောင်းတွေကြောင့် တစ်နေ့ကျရင်ခွဲရမှာပါလားလို့ ကြိုတွေးမိတော့ အရမ်းဝမ်းနည်းခဲ့ရတယ်။

အရင်တုန်းကဆေးခန်းတောင်မရောက်ခဲ့ဘူးတဲ့အမေ နှစ်ပတ်တစ်ခါဆေးခန်းပြနေရပြီလေ။ ရောဂါလက်နက်မျိုးစုံနဲ့တိုက်ခိုက်ခြင်းခံရတဲ့ ခန္ဓာစစ်တလင်းပြင်ကြီးကတော့ ဘယ်မှာလာလို့ အကောင်းပကတိရှိနေနိုင်ပါတော့မလဲလေ။

ကိုယ့်ရဲ့သားသမီးတွေကို ဒီပညာအရည်အချင်း၊ ဒီလိုစိတ်ဓာတ်ကောင်းတွေကို မွေးမြူနိုင်အောင် ဒီနေ့ ဒီအချိန်ထိသင်ကြားရပ်တည်ပေးနေတဲ့ အဖေနဲ့အမေကိုလည်း အမြဲကျေးဇူးတင်နေမိတယ်။ ဒီလိုရှင်သန်ပေးလို့လည်း မိဘကျေးဇူးဆပ်ခြင်းလို့ခေါ်တဲ့ ကြီးမားတဲ့ ကုသိုလ်အလုပ်ကြီးကို လုပ်ခွင့်ရနေတာပေါ့။ သားသမီးရှာဖွေရရှိခဲ့တဲ့ ငွေကြေးတန်ဖိုးတွေက ဒီမိဘကျေးဇူးဆပ်ခြင်းဆိုတဲ့ အလုပ်ကြောင့်သာ တန်ဖိုးမြင့်တက်ခဲ့ကြရတာလေ။

ဧည့်သည်တစ်ယောက်ရဲ့ဘဝဖြစ်စဉ်အတိုင်း ပြန်ရတဲ့အချိန်ရောက်ရင် ဝမ်းမနည်း မငိုကြွေးပဲ နောင်တရခြင်းကင်းစွာ အပြုံးကျေနပ်ခြင်းတွေနဲ့ ပြန်လည်ထွက်ခွာသွားနိုင်တဲ့ ဧည့်သည်မျိုးတွေများလာခဲ့ရင် ဒီကမ္ဘာလောကကြီးလည်း တစ်နေ့တစ်ခြားပိုပြီးငြိမ်းချမ်းလာနိုင်မှာပါ။ ဒီခဏ. . . ဘဝ အစိတ်အပိုင်းလေးမှာအဓိပ္ပါယ်ရှိစွာနဲ့ အသက်ရှင်ခွင့်ရခြင်းသည်ပင်ဘဝရဲ့ပြည့်စုံခြင်း မဟုတ်ပါလား။

**ဟန်နီဇော်**
**(၁၄-သာဂရ)**

## ဖိလစ်ပိုင်နိုင်ငံတွင် အလုပ်ရုံဆွေးနွေးပွဲတက်ရောက်

ဖိလစ်ပိုင်နိုင်ငံ၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဗျူရိုဌာန (Bureau of Micro Small & Medium Enterprise Development) ကကြီးမှူး၍ ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့၌ ဇန်နဝါရီလ ၉ ရက်နေ့မှ ၁၀ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံဒေသတွင်း ချိတ်ဆက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (ASEAN Intership Regional Discussion Workshop) သို့ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဗဟိုဌာနမှ ဒု/လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဇင်စိုး တက်ရောက်ခဲ့ကြောင်းသိရသည်။

## အိန္ဒိယနိုင်ငံသို့ ကိုယ်စားလှယ်တစ်ဦး သွားရောက်

အိန္ဒိယသမ္မတနိုင်ငံတွင် ဇန်နဝါရီလ ၂၀ ရက်နေ့မှ မတ်လ ၂၈ ရက်နေ့ထိဖွင့်လှစ်ပို့ချမည့် ရှုပ်ထွေးသောကွန်ရက်စနစ်များအသုံးပြုခြင်းနှင့် အဆင့်မြင့်ဆော့ဖ်ဝဲလ်များ အသေးစိတ်လေ့လာမှုဆိုင်ရာသင်တန်းသို့ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်းမှ ဒု/လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိဂီဝင်းသွားရောက်သည်။ အဆိုပါသင်တန်းသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှလည်း ပါဝင်တက်ရောက်ကြောင်းသတင်းရရှိသည်။

## ၆၆ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အားကစားပြိုင်ပွဲ အမှတ် (၁၁) အကြီးစားစက်ရုံ (ရန်ကုန်) ၌ကျင်းပ

အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၁၁) အကြီးစားစက်ရုံ (ရန်ကုန်) တွင် ၆၆ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အားကစားပြိုင်ပွဲများနှင့်ပျော်ပွဲရွှင်ပွဲများကို ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၉ နာရီ၌ ကျင်းပပြုလုပ်ခဲ့သည်။

အားကစားပြိုင်ပွဲများကို အဆိုပါစက်ရုံရှိ စီမံကိန်းဌာန၊ ဘဏ္ဍာရေးဌာန၊ စီမံခန့်ခွဲရေးဌာနနှင့် ထုတ်လုပ်ရေးဌာန (၁)၊ (၂)၊ (၃) တို့မှ အားကစားသမားဝန်ထမ်းများက အားကစားနည်းကိုးမျိုးတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ကြရာ အမျိုးသားဘော်လီဘောပြိုင်ပွဲ



တွင် ထုတ်လုပ်ရေးဌာန (၁) က ပထမ၊ ထုတ်လုပ်ရေးဌာန (၃) က ဒုတိယ၊ အမျိုးသမီးထုပ်ဆီးတိုးပြိုင်ပွဲတွင် ထုတ်လုပ်ရေး (၃) က ပထမ၊ ထုတ်လုပ်ရေး (၂) က ဒုတိယ၊ အမျိုးသားလွန်ဆွဲပြိုင်ပွဲတွင် စီမံကိန်းဌာနက ပထမ၊ ထုတ်လုပ်ရေး (၃) က ဒုတိယ၊ အမျိုးသမီးပွဲစဉ်တွင် ထုတ်လုပ်ရေး (၂) က ပထမ၊ ထုတ်လုပ်ရေး (၃) က ဒုတိယ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ထုတ်လုပ်ရေး (၁) က ပထမ၊ ထုတ်လုပ်ရေး (၁/ခ) က ဒုတိယ၊ အမျိုးသမီးသံပရာသီးဇွန်းကိုက်ပြေးပြိုင်ပွဲတွင် စီမံကိန်းဌာနက ပထမ၊ ထုတ်လုပ်ရေး (၂) က ဒုတိယ၊ ထုတ်လုပ်ရေး (၃) က တတိယ၊ အမျိုးသမီးမီတာ ၁၀၀ အာလူးကောက်ပြိုင်ပွဲတွင် ထုတ်လုပ်ရေး (၃) က ပထမနှင့်ဒုတိယ၊ ထုတ်လုပ်ရေး (၂) က တတိယရရှိကြပြီး အမျိုးသား၊ အမျိုးသမီးစုံတွဲမီတာ ၁၀၀ အပ်ချည်ထိုးပြေးပွဲတွင် စီမံကိန်းဌာနမှ ပထမ၊ ဒုတိယနှင့် တတိယအသီးသီးရရှိကြပြီး မီတာ ၅၀ ဆန်ကောရွက်ပြိုင်ပွဲတွင် ထုတ်လုပ်ရေး (၂) က ပထမ၊ ဘဏ္ဍာရေးဌာနက ဒုတိယ၊ စီမံခန့်ခွဲရေးဌာနက တတိယရရှိကြသည်။

ဆုပေးပွဲကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ ဌာနအသီးသီးမှ ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကို အထွေထွေမန်နေဂျာ ဦးမျိုးချိုနှင့်တာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီး ကံစမ်းမဲများဖောက်ကာ နှစ်သစ်ကူးအမှတ်တရလက်ဆောင်များကို ဝန်ထမ်းများအားပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအား ခေတ္တကျောင်းအုပ်ကြီး၊ ဌာနတာဝန်ခံနှင့် ဆရာ/ဆရာမများမှ ဆုများအသီးသီးချီးမြှင့်ပေးခဲ့ပြီး စုပေါင်းစားရိပ်သာတွင် အထူးနေ့လည်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

MMH

## ၆၆ နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲအားကစားပြိုင်ပွဲများကျင်းပ




မကွေးတိုင်းဒေသကြီး စက်မှုသင်တန်းကျောင်း (မကွေး) တွင် ၆၆ နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲအားကစားပြိုင်ပွဲများကို ဇန်နဝါရီလ ၄ ရက်နေ့ နံနက်ပိုင်းတွင် သင်တန်းကျောင်းရှေ့အားကစားကွင်း၌ ကျင်းပပြုလုပ်ခဲ့သည်။

အားကစားပြိုင်ပွဲများအဖြစ် မီနီမာရသွန် (ကျား)၊ ငှက်ပျောတိုင်တက်ပွဲ (ကျား)၊ နှစ်ယောက်တွဲသုံးချောင်းထောက် အပြေးပြိုင်ပွဲ (ကျား)၊ မီနီမာရသွန် (မ)၊ ဆန်ကောရွက်ပြိုင်ပွဲ (မ)၊ ဇွန်းကိုက်ပြိုင်ပွဲ (မ)၊ အာလူးကောက်ပြိုင်ပွဲ (မ) များတို့ကိုထည့်သွင်းကျင်းပခဲ့ရာ ဝန်ထမ်းများနှင့်သင်တန်းသား/သူများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြောင်းသိရသည်။

# အာဆီယံ-ဂျပန်စွမ်းအင်ထိရောက်စွာ အသုံးချရေးဆိုင်ရာ ဆွေးနွေးပွဲနှင့် သင်တန်းကျင်းပပြုလုပ်

စွမ်းအင်ထိရောက်စွာသုံးစွဲရေးနှင့် ခြိုးခြံချွေတာရေးလုပ်ငန်းများသည် စီးပွားရေးအဖွဲ့အစည်းများယှဉ်ပြိုင်နိုင်မှု စွမ်းရည်တိုးတက်လာစေရေးတို့ကို အထောက်အကူပြုသကဲ့သို့ နိုင်ငံတော်၏စွမ်းအင်လုံခြုံရေးအတွက်လည်း အထောက်အကူပြုသဖြင့် ကမ္ဘာ့နိုင်ငံအများစုက အလေးထားဆောင်ရွက်လာကြသည်။




ဂျပန်နိုင်ငံနှင့်အာဆီယံနိုင်ငံများအကြား စွမ်းအင်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု အစီအမံအရ သဘောတူထားသော APEAC (ASEAN Plan of Action - 2015) အစီအစဉ်၏အစိတ်အပိုင်းတစ်ခုဖြစ်သည့် ASEAN - Japan Energy Efficiency Partnership - AJEEP Project ကို အာဆီယံနိုင်ငံများအကြား အကောင်အထည်ဖော်ရန် သဘောတူညီချက်အရ မြန်မာနိုင်ငံ၏စွမ်းအင်ထိရောက်စွာသုံးစွဲရေးနှင့် ခြိုးခြံချွေတာရေး Legal Frame Work တစ်ခုပေါ်ပေါက်လာရေးဆောင်ရွက်လျက်ရှိသည်။

အာဆီယံ - ဂျပန်စွမ်းအင်ဆိုင်ရာ ထိရောက်စွာအသုံးချရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ၂၀၁၃ (ASEAN - Japan Energy Efficiency Partnership - AJEEP Project) အရ စက်မှုဝန်ကြီးဌာနသည် Energy Conservation Center - Japan (ECCJ)၊ ASEAN Center for Energy (ACE)၊ စွမ်းအင်ဝန်ကြီးဌာနနှင့်ပူးပေါင်း၍ စွမ်းအင်ထိရောက်စွာသုံးစွဲရေးနှင့် ခြိုးခြံချွေတာရေး Legal Frame Work တစ်ခုပေါ်ပေါက်လာရေးအတွက် စွမ်းအင်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၆ ရက်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Avenue 64 Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်မှအဖွင့်အမှာစကားပြောကြားပြီး Energy Conservation Center - Japan (ECCJ) နှင့် ASEAN Center for Energy (ACE) တို့မှ တာဝန်ရှိသူများမှ အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

၄င်းနောက် တက်ရောက်လာကြသူများမှ မြန်မာနိုင်ငံ၏စွမ်းအင်ထိရောက်စွာသုံးစွဲရေးနှင့် ခြိုးခြံချွေတာရေး Legal Frame Work တစ်ခု ပေါ်ထွက်လာရေးအတွက် ဆက်လက်ရှင်းလင်းဆွေးနွေးကြသည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီလ ၇ ရက်နေ့အထိ ဆက်လက်ကျင်းပခဲ့ပြီး စွမ်းအင်စီမံခန့်ခွဲမှု လက်စွဲစာအုပ်အသုံးချရေး သင်တန်းကို ဇန်နဝါရီလ ၈ ရက်နေ့တွင် ပို့ချခဲ့သည်။ ဇန်နဝါရီလ ၉ ရက်နေ့တွင် ASEAN Energy Award 2013 ဆုရရှိခဲ့သော FAME Pharmaceuticals Factory သို့သွားရောက်၍ စွမ်းအင်စီမံခန့်ခွဲထားမှုကိုလေ့လာပြီး အာဆီယံ - ဂျပန် Expert များမှ Energy Audit ပြုလုပ်၍ လိုအပ်သည့်အချက်များအား ဖြည့်စွက်အကြံပြုခဲ့သည်။

အထက်ပါဆွေးနွေးပွဲနှင့်သင်တန်းသို့ အာဆီယံ - ဂျပန်မှနိုင်ငံခြားသားပညာရှင်များမှသင်တန်းပို့ချခဲ့ပြီး စက်မှုဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ကိုယ်စားလှယ်သင်တန်းသားများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

## တရုတ်နိုင်ငံသို့ လေ့လာရေးခရီးသွားရောက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် စက်မှုလုပ်ငန်းများကြည့်ရှုလေ့လာရန် ဇန်နဝါရီလ ၁၉ ရက်နေ့မှ ၂၄ ရက်နေ့အထိ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးရည်မွန်၊ စက္ကူစက်ရုံ (ရေနီ) မှ အထွေထွေမန်နေဂျာ ဦးသိန်းဟန်၊ အထည်အလိပ်လုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သီဝ၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) မှ ဒုတိယအထွေထွေမန်နေဂျာ ဦးအေးဝင်းနှင့် စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေဇင်ဦးတို့သွားရောက်ကြကြောင်း သတင်းရရှိသည်။

## ဂျပန်နိုင်ငံတွင် သင်တန်းတက်ရောက်

ဂျပန်နိုင်ငံအစိုးရ၊ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏အစီအစဉ်ဖြင့် ချီးမြှင့်သည့်ပညာသင်ဆုအရ ဂျပန်နိုင်ငံတွင် ဇန်နဝါရီလ ၂၀ ရက်နေ့မှ မတ်လ ၆ ရက်နေ့အထိဖွင့်လှစ်မည့် အရည်အသွေး လက်တွေ့ထိန်းသိမ်းမှုနည်းလမ်းများမှတစ်ဆင့် ကုန်ထုတ်စွမ်းရည်တိုးမြှင့်မှုဆိုင်ရာ ပူးပေါင်းစီမံခန့်ခွဲမှုသင်တန်းကို ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ အမှတ် (၁) ဆေးဝါးစက်ရုံ (ရန်ကုန်) မှ လက်ထောက်အထွေထွေမန်နေဂျာ ဒေါက်တာခင်သန္တာကျော်တက်ရောက်ကြောင်း သိရသည်။

## အိန္ဒိယတွင် သင်တန်းများတက်

အိန္ဒိယအစိုးရက အိန္ဒိယနည်းပညာနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (ITEC) ဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ် အထိချီးမြှင့်သည့် ပညာသင်ဆုအရ အိန္ဒိယနိုင်ငံတွင် ဇန်နဝါရီလ ၁ ရက်နေ့မှ မတ်လ ၂၈ ရက်နေ့အထိပြုလုပ်မည့် ပရိုဂျက်မက်တယ်လ်ဆော့ဝဲလ်ကို အသုံးပြု၍သတ္တုပြားများအား ကိရိယာဒီဇိုင်းပြုလုပ်ခြင်းဆိုင်ရာသင်တန်းသို့ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၁၈) အကြီးစားစက်ရုံမှ မန်နေဂျာ ဦးစိုးနိုင်လင်းနှင့် မဏ္ဍလာရောနစ်နှင့်၄င်းအား အသုံးချခြင်းဆိုင်ရာသင်တန်းသို့ မန်နေဂျာ ဒေါ်သင်းသွယ်သွယ်မျိုးတို့ တက်ရောက်ကြကြောင်းသိရသည်။

## စက်ပစ္စည်းအခြေခံပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ သင်တန်းတက်



အိန္ဒိယအစိုးရက ကိုလံဘိုစီမံကိန်း၏နည်းပညာပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (TCS of Columbo Plan) ဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ချီးမြှင့်သည့် ပညာသင်ဆုအရ အိန္ဒိယနိုင်ငံတွင် ဇန်နဝါရီလ ၁၃ ရက်နေ့မှ မတ်လ ၂၁ ရက်နေ့အထိဖွင့်လှစ်မည့် စက်ပစ္စည်းအခြေခံပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာသင်တန်း (Condition Based Maintenance) သို့ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၂၂) အကြီးစားစက်ရုံ (ဘီးလင်း) မှလက်ထောက်အထွေထွေမန်နေဂျာ ဦးကျော်မြင့်စိုးနှင့် စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၊ အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း)မှမန်နေဂျာဦးအောင်ဇော်ဝင်းတို့တက်ရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

# စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် အမှတ် (၁၁) အကြီးစားစက်ရုံ (ရန်ကုန်) အားကြည့်ရှုစစ်ဆေး



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်အတွင်းရှိ အမှတ် (၁၁) အကြီးစားစက်ရုံ (ရန်ကုန်) သို့ရောက်ရှိရာ စက်ရုံ၏ အစည်းအဝေးခန်းမ၌ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးသောင်း၊ အမှတ် (၁၁) အကြီးစားစက်ရုံ အထွေထွေမန်နေဂျာ ဦးမျိုးချိုနှင့် ကုမ္ပဏီများမှတာဝန်ရှိသူ များက စက်ရုံဆိုင်ရာအချက်အလက်များ၊ မော်တော်ယာဉ်များထုတ်လုပ်မှုနှင့် ရောင်းချဖြန့်ဖြူးမှုအခြေအနေများ၊ ကုန်တင်မော်တော်ယာဉ်ထုတ်လုပ်မှု စီမံကိန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက စီမံကိန်းလုပ်ငန်းများ သတ်မှတ်လျာထားချက်အတိုင်းပြီးစီးရေး၊ သတ်မှတ် Quality များရှိစေရေး၊ ပြင်ပဈေးကွက်ကို မျက်ခြေမပြတ်လေ့လာပြီး ဈေးကွက်ကတောင်းဆိုသည့် မော်တော်ယာဉ်များ ထုတ်လုပ်ရောင်းချနိုင်ရေး၊ ဈေးကွက်တွင် အရည်အသွေး ရောဈေးနှုန်းပါယှဉ်ပြိုင်နိုင်ရေး၊ After Sale Service များပေးပြီး ဝန်ဆောင်မှုကောင်းများဆောင်ရွက်ပေးရေး၊ Production အပိုင်းကျွမ်းကျင်ရုံသာမက Marketing အပိုင်းကိုပါ ကျွမ်းကျင်ပိုင်နိုင်စေရေး၊ မိမိအလုပ်အပေါ် စိတ်ဝင်တစားဖြင့် စေတနာထားအလေးထားဆောင်ရွက်ရေးတို့ကို လမ်းညွှန်မှာကြားပြီး ကုန်တင်မော်တော်ယာဉ်ထုတ်လုပ်မှုစီမံကိန်း အဆောက်အဦများနှင့် စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အမှတ် (၁၁) အကြီးစားစက်ရုံ (ရန်ကုန်)၏ ကမ္ဘာအေးဘုရားလမ်းမကို မျက်နှာပြုထားသည့် မြေကွက်ပေါ်တွင် အလျား ၁၀၀ ပေ × အနံ ၃၅ ပေရှိသော အကျိုးတူအရောင်းပြခန်းများ ဆောက်လုပ်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ထားရှိသည့် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

အမှတ် (၁၁) အကြီးစားစက်ရုံ (ရန်ကုန်) အနေဖြင့် Myanmar City Bus, Myanmar Accessible Bus, Myanmar Mini Saloon, TE-31 Truck, TE-31 Oil Tanker, TE-31 Water Bowser, TE-31 Fire Fighting Truck ထုတ်လုပ်ရောင်းချလျက်ရှိရာ ယခုအခါဈေးကွက်လိုအပ်ချက်နှင့်အညီ Heavy Duty Truck များဖြစ်သည့် Cargo Truck များ၊ Tractor Truck နှင့် Dump Truck များ ထုတ်လုပ်ရောင်းချနိုင်ရေးအတွက် China National Heavy Duty Truck Group Co., Ltd. နှင့် ၃. ၁၀. ၂၀၁၂ ရက်နေ့တွင် စာချုပ်ချုပ်ဆိုခဲ့ပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ် မတ်လတွင်ပြီးစီးတော့မည်ဖြစ်သည်။ အဆိုပါစီမံကိန်းလုပ်ငန်းများ ပြီးစီးသွားပါက အမှတ် (၁၁) အကြီးစားစက်ရုံ (ရန်ကုန်) အနေဖြင့် ၁၀-၁၅ တန်အလတ်စားကုန်တင်မော်တော်ယာဉ်များ တစ်နှစ်လျှင် ၁,၅၀၀ စီး ခန့်ထုတ်လုပ်နိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ဇေယျဝတီမြို့ရှိ ဆင်ဖြူတော်အဆင့်မြင့်သကြားစက်ရုံမှ တစ်ရက်လျှင် သကြားဖြူတန် ၁၀၀ ထုတ်လုပ်

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဇန်နဝါရီလ ၄ ရက် ညနေပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဇေယျဝတီမြို့ရှိ ဆင်ဖြူတော်အဆင့်မြင့်သကြားစက်ရုံသို့ သွားရောက်၍ တာဝန်ရှိသူများအားတွေ့ဆုံပြီး စက်မှုဝန်ကြီးဌာနမှ ငှားရမ်းထားသောစက်ရုံများကို ငှားရမ်းထားစဉ်ကာလအတွင်း မိမိတို့နှင့်မသက်ဆိုင်ဟု သဘောမထားဘဲ အခက်အခဲများရှိပါက ကူညီဖြေရှင်းပေးရေး၊ ကျော်သာကုမ္ပဏီအနေဖြင့် ဇေယျဝတီသကြားစက်ရုံကိုငှားရမ်းခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် မလည်ပတ်နိုင်ခဲ့တဲ့ ယခုစက်ရုံကြီးအား ပြန်လည်လည်ပတ်နိုင်ခဲ့ပြီး ဆင်ဖြူတော်အမှတ်တံဆိပ်ဖြင့် အဆင့်မြင့်သကြားများကို ထုတ်လုပ်နိုင်ပြီဖြစ်၍ ပြည်တွင်းဈေးကွက်လိုအပ်ချက်ကို တစ်တပ်တစ်အား ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်ကြောင်းပြောကြားပြီး စက်ရုံအတွင်း သကြားထုတ်လုပ်မှုလုပ်ငန်းစဉ်များကို ကြည့်ရှုအားပေးသည်။

စက်မှုဝန်ကြီးဌာန၏ ဇေယျဝတီသကြားစက်ရုံကို ကျော်သာကုမ္ပဏီမှ ၁. ၉. ၂၀၁၁ ရက်တွင်ငှားရမ်းခဲ့ပြီး စက်များအား Upgrade ပြုလုပ်၍ လိုအပ်သည့်ပြင်ဆင်မှုများပြုလုပ်ကာ ထုတ်လုပ်မှုကို ၂၅. ၁၂. ၂၀၁၃ ရက်မှစတင်ခဲ့သည်။ စက်ရုံမှ တစ်ရက်လျှင် ကြံတန်ချိန် ၁,၅၀၀ ကြိတ်ဝါးနိုင်ပြီး သကြားဖြူတန် ၁၀၀ နှင့် တင်လဲရည်လေးတန်ကျော်ကို



ထုတ်လုပ်နိုင်ပြီး သကြားဖြူ တန် ၁၅၀ ထိ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ရည်မှန်းချက်ထား စီမံဆောင်ရွက်လျက်ရှိကြောင်း ဒေသခံကြံစိုက်တောင်သူများ ဝင်ငွေတိုးတက်ရရှိနိုင်ရေး တစ်ဧကလျှင် တန် ၄၀၊ ၅၀ ထွက်ရှိသော ထိုင်းမျိုးကြံ (k95-84) များကို စိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# အမှတ် (၃၆) အကြီးစားစက်ရုံ (ကျောက်ဆည်) ဖွင့်လှစ်ပြီ
# မှန်အရည်အသွေး အဆင့်မီကောင်းမွန်ပြီး
# ပြည်ပမှတင်သွင်းလာသည့်မှန်များနှင့်
# ကောင်းမွန်စွာယှဉ်ပြိုင်နိုင်











